# မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၂၅)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့်အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးမှာကြား






နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်လံမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးမှာကြားစဉ်။

**နေပြည်တော် ဩဂုတ် ၂၀**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍အောင်လံမြို့ရှိအောင်လံခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး **စာမျက်နှာ ၁၆ ကော်လံ ၁ ★**

## နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်ပြည့်မီရေးဆောင်ရွက်ပြီး နောက်ဆုံးတင်ပြရမည့်နေ့ရက်ထုတ်ပြန်

စာ - ၃ သို့

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့်မြို့နယ်များ သတ်မှတ်ကြေညာ

စာ - ၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၁ ရက်)

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

လူသားမှန်သမျှသည် အသက်ရှင်နေသမျှကာလပတ်လုံး မိမိတို့၏လူမှုစီးပွားဘဝမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြရသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အသိပညာ၊ အတတ်ပညာ၊ တွေးခေါ်မြော်မြင်မှုပိုမိုကောင်းမွန်သူတို့သည် လူမှုစီးပွားကို လွယ်ကူစွာရှာဖွေနိုင်သော်လည်း ယင်းနှင့်ဆန့်ကျင်ဘက် အရည်အချင်းနည်းပါးသူတို့မှာ လူမှုစီးပွားကိုခက်ခဲစွာရှာဖွေနေကြရသည်။ ထိုသို့လွယ်ကူခြင်း၊ ခက်ခဲခြင်းတို့မှာ ပညာပေါ်တွင်အခြေခံ၍ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ပညာသည် လူတစ်ဦးချင်းစီကိုသာမက နိုင်ငံတစ်နိုင်ငံချင်းကိုလည်း ဖွံ့ဖြိုးမှုများခြင်း၊ ဖွံ့ဖြိုးမှုနည်းခြင်းတို့ကိုဖြစ်ပေါ်စေလျက်ရှိသည်။ ဖွံ့ဖြိုးမှုများသောနိုင်ငံများကိုလေ့လာကြည့်ပါက ပညာပြည့်ဝခြင်းဟူသော လူသားအရင်းအမြစ်တိုးတက်မှုများပြားခြင်းကိုတွေ့မြင်နိုင်သည်။ နိုင်ငံတကာတွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုလျင်မြန်လာသည်နှင့်အမျှ အဆိုပါနည်းပညာကို ရရှိအောင်ကြိုးပမ်းကြရမည်ဖြစ်သည်။ ပညာသည် အရာရာတွင်အောင်မြင်မှုကို ပေးစွမ်းနိုင်သည်မှာ လက်တွေ့အရှိတရားဖြစ်သည်။

မြန်မာနိုင်ငံ၏ဒေသအချို့တွင် အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားတို့က မြို့ရွာအချို့ကို ဖျက်ဆီးခဲ့သဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာရေးတွင် နှောင့်နှေးခဲ့သည်။ တပ်မတော်နှင့်ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခုအခါ အဆိုပါဒေသများရှိကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ပညာရေး၊ ကျန်းမာရေးနှင့်စီးပွားရေးတို့သည်ဆက်စပ်လျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးများမှာ ကျောင်းပညာရပ်များကို စိတ်အေးချမ်းသာစွာသင်ယူနိုင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ပေးလျက်ရှိသည့်အတွက် နယ်မြေဒေသများစွာ အေးချမ်းလာနေပြီဖြစ်သည်။ အဆိုပါဒေသများတွင် အဓိကဦးစားပေးအဖြစ် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကို အဓိကထားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးနေမှုများမှာ မြင်ရသူတို့စိတ်နှလုံးတွင် ကြည်နူးချမ်းမြေ့ဖွယ်ဖြစ်ပေရာ ဒေသခံပြည်သူလူထုများဖြစ်သည့် မိဘ၊ ဆရာ၊ ကျောင်းသားများမှာ အလွန်ပင်ဝမ်းသာနေကြမည်ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည်။ ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးများ တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာတွင် နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၇၅ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး ဩဂုတ်လ ၁၉ ရက်အထိ ကျောင်းသား၊ ကျောင်းသူ ၉၂၁၇ ဦး သင်ကြားလျက်ရှိနေပြီဖြစ်သည်။ နိုင်ငံသားတိုင်းက မိမိနေထိုင်သည့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို မိမိတို့တတ်နိုင်သည့်ဘက်မှ အကူအညီပေးကြရမည်ဖြစ်သည်။

ပညာအခြေခံနည်းပါးသူသည် ဆင်ခြင်တွေးခေါ်မှုနည်းပါးသည့်အတွက် သူတစ်ပါးလိမ်ညာလှည့်ဖြားမှုခံကြရသည်။ အမှားနှင့်အမှန်ကိုမှန်ကန်စွာသိမြင်နိုင်မှုနည်းပါးသည့်အတွက် မလုပ်သင့်သောဒုစရိုက်မှုများကို လွယ်ကူစွာကျူးလွန်လေ့ရှိသည်။ ထိုသို့သော လူငယ်လူရွယ်များနည်းပါးလာစေရေးမှသည် လုံးဝပပျောက်ရေးအတွက် ကျောင်းနေအရွယ်အားလုံး ကျောင်းနေကြရမည်ဖြစ်သည်။ ပညာရေးနှင့်ပတ်သက်၍ ရှေးပညာရှင်ကြီးများက အမျိုးမျိုးအဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ပညာရေးသည် လူသားမျိုးနွယ်အတွက် အလွန်အရေးကြီးသည့်အခန်းကဏ္ဍဖြစ်သည်။

ယနေ့ဖွံ့ဖြိုးတိုးတက်နေသော တိုင်းပြည်များသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုမှ ပြောင်းလဲလာခြင်းဖြစ်သည်။ ပညာရေးဖွံ့ဖြိုးတိုးတက်မှုမရဘဲ ဖွံ့ဖြိုးတိုးတက်သွားသည့်နိုင်ငံဟူ၍ ယနေ့တိုင်မရှိသေးသကဲ့သို့ နောင်တွင်လည်းရှိမည်မဟုတ်ပေ။ ထို့ကြောင့် ပညာရေးသည် ကမ္ဘာကြီးရှိနိုင်ငံများတိုးတက်ရန် လမ်းကြောင်းအမှန်ပင်ဖြစ်သည်ဟုဆိုနိုင်သည်။ စာသင်ကျောင်းများသည် ကျောင်းသား၊ ကျောင်းသူများ၏ ရင်ထဲတွင် “မိမိကိုယ်ကိုကောင်းအောင်ကြိုးစားမည်။ မိမိအတန်းကိုကောင်းအောင်ကြိုးစားမည်။ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်။ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်” ဟူသော တန်ဖိုးရှိသောစိတ်ဓာတ်များ ကိန်းအောင်းလာအောင်ဖြည့်ဆည်းပေးနိုင်သည့်နေရာဖြစ်သည်။

“အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့်အတိုင်း နိုင်ငံတော်အတွက် သားကောင်းသမီးမွန်များဖြစ်အောင် စာသင်ကျောင်းများမှမွေးထုတ်ပေးနိုင်ကြရမည်ဖြစ်သည်။ နိုင်ငံတော်ကိုလက်နက်ကိုင်ကာ ဖျက်ဆီးနေသူများမှာ လူ့အဖွဲ့အစည်း၏ အဖျက်သမားစစ်စစ်ဖြစ်သကဲ့သို့ သူတို့ကိုလက်နက်ကိုင်ဆောင်သည့် အဆင့်ရောက်အောင် စေ့ဆော်ပေးနေသော အန္တရာယ်မျိုးစေ့များမှာလည်း အဖျက်သမားစစ်စစ်များဖြစ်သည်။ အသိဉာဏ်၊ ပညာဆင်းရဲမွဲတေခြင်းမှအစပြုကာ နိုင်ငံကြီးသားစိတ်ထားကင်းမဲ့ခြင်း၊ အကျင့်စာရိတ္တ ချွတ်ခြုံကျခြင်း၊ အမျိုးသားရေး“စံ”များပျက်သုဉ်းခြင်း၊ အစွန်းရောက်မှုမြင့်မားခြင်းနှင့် တရားမျှတမှုအားနည်းခြင်း၊ ဒီမိုကရေစီစိတ်ထားနှင့်အလေ့အကျင့်ခေါင်းပါးခြင်း၊ ဘိုးဘွားအမွေအစစ်ကို ထိန်းသိမ်းရမည်ဟူသော ခံယူချက်ကင်းမဲ့ခြင်းစသည်တို့ ဆင့်ကဲဖြစ်ပေါ်ပြီး အဖျက်သမားစစ်စစ်များဖြစ်လာကြသည်။ ထိုသို့မဖြစ်စေရေး ပြည်သူများအနေဖြင့် “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့” ဆိုသည်နှင့်အညီ မိမိတို့၏သားသမီးများ၏ပညာရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

# မော်လိုက်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးသီးနှံ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မော်လိုက် ဩဂုတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးသီးနှံ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ စာရင်းများအရ သိရသည်။

ယခု၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မော်လိုက်မြို့နယ်၌ မိုးစပါးသီးနှံ ၁၉၅၀၀ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါမိုးစပါးစိုက်ပျိုးမှုကို ယခုနှစ်ဇွန်လမှစတင်၍ စိုက်ပျိုးကြရာ ယနေ့ထိ ၂၅၅၃ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် မော်လိုက်မြို့နယ်မှာ မိုးစပါးသီးနှံဧက ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ယနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားချက်ဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေတယ်”ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးကပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မော်လိုက်မြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၀၉)

# မိတ္ထီလာတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ သုတေသနပြပွဲနှင့် ပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာတက္ကသိုလ် ဝန်ဇင်းခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ သုတေသနပြပွဲနှင့် ပြိုင်ပွဲ အခမ်းအနားကို ဩဂုတ်လ ၂၀ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဘဟန်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာနေလင်းနှင့် ဒုတိယပါမောက္ခချုပ်ဒေါက်တာ နေအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘာသာရပ် ၁၄ ခုမှ ပြသပြိုင်ပွဲဝင်ထားသည့် သုတေသနပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဘာသာရပ်ပေါင်းစုံ သုတေသနပြပွဲနှင့်ပြိုင်ပွဲသည် မိတ္ထီလာဒေသရှိ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံ MSME လုပ်ငန်းရှင်များနှင့် မိတ္ထီလာတက္ကသိုလ်မှ ဘာသာရပ်အလိုက် သုတေသနတွေ့ရှိချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဘာသာရပ်ပေါင်းစုံသုတေသနပြပွဲနှင့် ပြိုင်ပွဲတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆုရရှိသည့် ပြိုင်ပွဲဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ကြောင်းသိရသည်။

(၆၀၂)

## MWD Education, Knowledge & Sports Channel

၂၁-၈-၂၀၂၅(ကြာသပတေးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၀ | Grade - 8 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၂၅ | Grade - 8 | သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၂၅ - ၁၇:၄၅ | Grade - 8 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၁-၈-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်ပြည့်မီရေးဆောင်ရွက်ပြီး နောက်ဆုံးတင်ပြရမည့်နေ့ရက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**အမိန့်ကြော်ငြာစာအမှတ် ( ၅၆ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက်ပြည့်မီရေး ဆောင်ရွက်ပြီး နောက်ဆုံးတင်ပြရမည့်နေ့ရက် ထုတ်ပြန်ခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ (က) နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း ( ၁ ) ကို စတင်ကျင်းပမည်ဖြစ်ကြောင်း ကြေညာချက်အမှတ် ( ၅၅ / ၂၀၂၅ ) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီများ၏ ပါတီဝင်အင်အားစာရင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ ပုဒ်မခွဲ ( စ ) အရ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက် အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၅၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကိုလည်းကောင်း စည်းရုံးရမည်ဖြစ်ပါသည်။

၃။ ပါတီရုံးခန်းဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (ဈ) အရ ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် မတိုင်မီ အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ ကော်မရှင်က အမိန့် ကြော်ငြာစာဖြင့် ထုတ်ပြန်သည့်နေ့ရက်အတွင်း ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီဖြစ်ပါက ပြည်ထောင်စုတစ်ဝန်းလုံးရှိမြို့နယ်အားလုံး၏ အနည်းဆုံး သုံးပုံတစ်ပုံ၌လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိမြို့နယ်အားလုံး၏ အနည်းဆုံး ၅ မြို့နယ်၌ လည်းကောင်း ပါတီရုံးခန်းများ ဖွင့်လှစ်ရမည်ဖြစ်ပါသည်။

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပမည့်ရွေးကောက်ပွဲတွင် ပါတီများအားလုံးပါဝင်နိုင်ရေးအတွက် ရည်မှန်းကာ ပါတီဝင်ဦးရေပြည့်မီစေရေးနှင့် သတ်မှတ်ပါတီရုံးခန်းအရေအတွက်ပြည့်မီအောင် ဖွင့်လှစ်နိုင်ရေး အချိန်မီဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီများသို့ ကြိုတင် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ သတ်မှတ်ရက်အတွင်း ဆောင်ရွက် နိုင်ခြင်းမရှိပါက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၂ အရ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၅။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ ပုဒ်မခွဲ ( စ ) နှင့် ( ဈ ) တို့အရ နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ် အရေအတွက်ပြည့်မီရေးဆောင်ရွက်ပြီး ကော်မရှင်သို့ နောက်ဆုံးတင်ပြ ရမည့်နေ့ရက်ကို ၇-၉-၂၀၂၅(တနင်္ဂနွေနေ့) သတ်မှတ်ကြောင်း ထုတ်ပြန် လိုက်သည်။

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း (၁)တွင်ပါဝင်သည့် မြို့နယ်များသတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၆ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ်များ သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း( ၁ )တွင် ပါဝင်သည့် မြို့နယ် ( ၁၀၂ ) မြို့နယ်အား တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပူးတွဲပါဇယားအတိုင်း သတ်မှတ်ကြေညာလိုက်သည်။

**ပူးတွဲ။** အပိုင်း ( ၁ ) တွင်ပါဝင်သည့် မြို့နယ်များစာရင်း

**(ပုံ)သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## “ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် မြို့နယ်များစာရင်း”

**ပူးတွဲ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ပါဝင်သည့်မြို့နယ်များ | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင် | ၁။ တနိုင်း<br>၂။ ခေါင်လန်ဖူး<br>၃။ နောင်မွန်း<br>၄။ ပူတာအို<br>၅။ မိုးညှင်း<br>၆။ မြစ်ကြီးနား | ၆ မြို့နယ် |
| ၂ | ကယား | ၁။ ဘောလခဲ<br>၂။ လွိုင်ကော် | ၂ မြို့နယ် |
| ၃ | ကရင် | ၁။ ဘားအံ<br>၂။ မြဝတီ<br>၃။ သံတောင်ကြီး | ၃ မြို့နယ် |
| ၄ | ချင်း | ၁။ တီးတိန်<br>၂။ ဟားခါး | ၂ မြို့နယ် |
| ၅ | စစ်ကိုင်း | ၁။ လေရှီး<br>၂။ လဟယ်<br>၃။ နန်းယွန်း<br>၄။ ကလေး<br>၅။ ကသာ<br>၆။ ကန့်ဘလူ<br>၇။ ခန္တီး<br>၈။ စစ်ကိုင်း<br>၉။ တမူး<br>၁၀။ မုံရွာ<br>၁၁။ ရွှေဘို<br>၁၂။ ဟုမ္မလင်း | ၁၂ မြို့နယ် |
| ၆ | တနင်္သာရီ | ၁။ ကော့သောင်း<br>၂။ ထားဝယ်<br>၃။ ဘုတ်ပြင်း<br>၄။ မြိတ် | ၄ မြို့နယ် |
| ၇ | ပဲခူး | ၁။ ညောင်လေးပင်<br>၂။ တောင်ငူ<br>၃။ နတ်တလင်း<br>၄။ ပဲခူး<br>၅။ ပြည်<br>၆။ ရွှေတောင်<br>၇။ လက်ပံတန်း<br>၈။ သာယာဝတီ | ၈ မြို့နယ် |
| ၈ | မကွေး | ၁။ ချောက်<br>၂။ ရေနံချောင်း<br>၃။ ပခုက္ကူ<br>၄။ တောင်တွင်းကြီး<br>၅။ မကွေး<br>၆။ ပွင့်ဖြူ<br>၇။ မင်းဘူး<br>၈။ သရက်<br>၉။ အောင်လံ | ၉ မြို့နယ် |
| ၉ | မန္တလေး | ၁။ ကျောက်ဆည်<br>၂။ ညောင်ဦး<br>၃။ ပြင်ဦးလွင်<br>၄။ ချမ်းအေးသာစံ<br>၅။ မိတ္ထီလာ<br>၆။ ပျော်ဘွယ်<br>၇။ ရမည်းသင်း<br>၈။ အောင်မြေသာစံ | ၈ မြို့နယ် |
| ၁၀ | မွန် | ၁။ ကျိုက်ထို<br>၂။ ကျိုက်မရော<br>၃။ ချောင်းဆုံ<br>၄။ မော်လမြိုင်<br>၅။ သထုံ | ၅ မြို့နယ် |
| ၁၁ | ရခိုင် | ၁။ ကျောက်ဖြူ<br>၂။ စစ်တွေ<br>၃။ မာန်အောင် | ၃ မြို့နယ် |
| ၁၂ | ရန်ကုန် | ၁။ ကမာရွတ်<br>၂။ ကျောက်တံတား<br>၃။ တိုက်ကြီး<br>၄။ တွံတေး<br>၅။ ဒဂုံမြို့သစ် (တောင်ပိုင်း)<br>၆။ ဗိုလ်တထောင်<br>၇။ မရမ်းကုန်း<br>၈။ မင်္ဂလာဒုံ<br>၉။ မှော်ဘီ<br>၁၀။ သဃ်္ဃန်းကျွန်း<br>၁၁။ သန်လျင်<br>၁၂။ အလုံ | ၁၂ မြို့နယ် |
| ၁၃ | ရှမ်း | ၁။ ပင်းတယ<br>၂။ ဟိုပုံး<br>၃။ နောင်ချို<br>၄။ ကျိုင်းတုံ<br>၅။ တာချီလိတ်<br>၆။ တောင်ကြီး<br>၇။ နမ့်စန်<br>၈။ မူဆယ်<br>၉။ မိုင်းဆတ်<br>၁၀။ လားရှိုး<br>၁၁။ လင်းခေး<br>၁၂။ လွိုင်လင် | ၁၂ မြို့နယ် |
| ၁၄ | ဧရာဝတီ | ၁။ ကျုံပျော်<br>၂။ ပုသိမ်<br>၃။ မအူပင်<br>၄။ မြောင်းမြ<br>၅။ ကြံခင်း<br>၆။ မြန်အောင်<br>၇။ လပွတ္တာ<br>၈။ ဟင်္သာတ | ၈ မြို့နယ် |
| ၁၅ | နေပြည်တော် | ၁။ ဇေယျာသီရိ<br>၂။ ပုဗ္ဗသီရိ<br>၃။ ဇမ္ဗူသီရိ<br>၄။ ပျဉ်းမနား<br>၅။ ဒက္ခိဏသီရိ<br>၆။ လယ်ဝေး<br>၇။ တပ်ကုန်း<br>၈။ ဥတ္တရသီရိ | ၈ မြို့နယ် |

# လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့်နေ့ရက်များ သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၇ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

**လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်းတို့နှင့်စပ်လျဉ်းသည့်နေ့ရက်များ သတ်မှတ်ကြေညာခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၆ ပါ လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အောက်ပါနေ့ရက်များကို သတ်မှတ်ကြေညာလိုက်သည် -

| | | |
|---|---|---|
| (၁) | လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များ အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း စတင်တင်သွင်းနိုင်သည့် နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်** |
| (၂) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကိုရုပ်သိမ်း လိုက ရုပ်သိမ်းနိုင်သည့် နောက်ဆုံးနေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်** |
| (၃) | PR မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းပါက စတင်အစားထိုးပြန်လည်တင်သွင်းရမည့် နေ့ရက်နှင့်နောက်ဆုံးနေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်မှ စက်တင်ဘာလ ၁၇ ရက်အထိ** |
| (၄) | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့်နေ့ရက် | **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်မှ အောက်တိုဘာလ ၄ ရက် အထိ** |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မျိုးဆက်သစ်ဝံသာနုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၈ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**မျိုးဆက်သစ်ဝံသာနုပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ၆ လမ်း နှင့် ၇ လမ်းကြား၊ ၇၄ (B) လမ်းတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မျိုးဆက်သစ်ဝံသာနုပါတီ** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မျိုးဆက်သစ်ဝံသာနုပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ ( ၆၁ ) ဖြစ်ပါသည်။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၅၉ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဗီးအုန်ကုန်းလမ်း၊ မြေအမှတ် (၁၇/A) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ ( ၆၂ ) ဖြစ်ပါသည်။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၀ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် )

**ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

မွန်ပြည်နယ်၊ သထုံမြို့၊ ဘင်လိုင်ရပ်ကွက်၊ မရမ်းချောင်ရပ်၊ ခေမာရာမသီလရှင်စာသင်တိုက်ကျောင်းလမ်း၊ အမှတ် (၆၉၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ ( ၆၃ ) ဖြစ်ပါသည်။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၈-၂၀၂၅ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၅၀၅ | ၃၂၆၅ | ၂၉၈၅ | ၂၉၉၀ | ၃၀၆၀ | ၃၀၂၅ | ၃၀၄၅ | ၃၃၀၀ |
| 95 Ron | ၂၉၅၅ | ၃၀၇၀ | ၃၀၃၅ | ၂၉၇၀ | ၃၀၇၅ | ၃၀၉၀ | ၃၁၁၀ | ၃၀၃၀ | ၄၅၆၀ | ၃၃၂၀ | ၃၀၄၅ | ၃၀၄၅ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၂၅ | ၂၆၉၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၈၅ | - | ၂၉၈၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၄၀ | ၂၇၆၀ | ၃၀၁၅ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | ၄၈၃၀ | ၃၆၀၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၉၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | - | ၃၆၀၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၉၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၃၂ | ၂၈၂၀ |
| 95 Ron | ၂၇၈၉ | ၂၈၇၉ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၃၀၆၀ | ၃၁၅၀ |
| HSD (10 ppm) | ၃၀၆၀ | ၃၁၅၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)လုပ်ငန်းဆောင်ရွက်မှု နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၀

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအစည်းအဝေးခန်းမ၌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရေး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသား MSME လုပ်ငန်းများကို ဌာနအနေဖြင့် လက်လှမ်းမီသမျှ ကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင် တိုင်းရင်းသားကလေးငယ်များ ဘာသာစကားအခက်အခဲကို ကျော်လွှား၍ ကျောင်းထွက်နှုန်းလျော့နည်းလာစေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ(ရန်ကုန်)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်မည့် ငွေကျပ်သန်း ၂၀ အောက်လုပ်ငန်းများနှင့် ငွေကျပ်သန်း ၂၀အထက်တင်ဒါလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ဝင်ငွေရရှိမှုနှင့် ပုံမှန်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၏ ရိုးရာအိမ်များ၊ နန်းမြင့်မျှော်စင်၊ ဆလုံပြခန်းနှင့် ဝန်ထမ်းအိမ်ရာများအတွင်း အသုံးပြုနိုင်ရန် Solar Panel ၅၈ လုံး ပေးအပ်ရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်းအစီအစဉ်ကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

မသန်စွမ်းသူများကိုယ်တိုင် ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့်မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်းအစီအစဉ်ကို ယနေ့ နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ၊ မသန်စွမ်းသူကိုယ်စားလှယ်များ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မသန်စွမ်းသူများ၊ အထူးသဖြင့် အမြင်အာရုံမသန်စွမ်းသူများ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရေးအတွက် မျက်မမြင်လက်စမ်းစာ (Braille) ကိုအခြေခံသည့် မြန်မာအီလက်ထရောနစ်မဲပေးစက်ကို တီထွင်ပြုလုပ်ပေးမှုသည် အားလုံးပါဝင်ဆောင်ရွက်နိုင်သည့် ရွေးကောက်ပွဲဖြစ်စေရန် ကြိုးစားပေးရာရောက်ကြောင်း၊ မျက်မမြင်လက်စမ်းစာ (Braille) မတတ်ကျွမ်းသည့် အမြင်အာရုံမသန်စွမ်းသူများအပါအဝင်၊ ကိုယ်အင်္ဂါမသန်စွမ်းသူ၊ အကြားအာရုံမသန်စွမ်းသူများအနေဖြင့် ကိုယ်တိုင်သို့မဟုတ် လိုအပ်ပါက မသန်စွမ်းသူကိုယ်တိုင် ရွေးချယ်သည့် အကူလူပုဂ္ဂိုလ်ဖြင့် ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ထားရှိကြောင်း၊ မကြာမီ ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒပေးပိုင်ခွင့်ရှိသည့် မသန်စွမ်းသူအားလုံး တက်တက်ကြွကြွ ပါဝင်ဆန္ဒမဲပေးရန်နှင့် မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်အပါအဝင် ယနေ့တက်ရောက်လာသော မသန်စွမ်းကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက ပံ့ပိုးပူးပေါင်းဆောင်ရွက်ပေးရန် ပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး တာဝန်ရှိသူတစ်ဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မသန်စွမ်းသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအစီအစဉ်များ ဆောင်ရွက်ပြီး မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးခြင်းအားဖြင့် မသန်စွမ်းသူများကိုယ်တိုင် အခြားသူတစ်ဦးဦး၏ အကူအညီမပါဘဲ လျှို့ဝှက်ဆန္ဒမဲပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၀)သင်တန်းဆင်း

နေပြည်တော် ဩဂုတ် ၂၀

အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၂၀)၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) နဝရတ်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးနှင့်အဖွဲ့ဝင်ဦးဆန်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)ပါမောက္ခချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှတာဝန်ရှိပုဂ္ဂိုလ်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းဦးက အဆင့်မြင့်အရာရှိကြီးများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏လုပ်ငန်းကျွမ်းကျင်မှု၊ အရည်အချင်းပြည့်ဝမှု၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုတို့နှင့်အတူ ပြည်သူလူထု၏ ဆန္ဒသဘောထားကို အလေးထား၍ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း သင်တန်းကရရှိခဲ့သည့်အတွေ့အကြုံဗဟုသုတများကို မိမိတို့လုပ်ငန်းခွင်တွင် လက်တွေ့အကျိုးရှိရှိအသုံးချကြရန်နှင့် နိုင်ငံတော်၏ စီမံအုပ်ချုပ်မှုယန္တရားအတွင်း ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းရွက်ရုံသာမက စိတ်စေတနာကောင်းများဖြင့်တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့်ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ၂၃ ဦး စုစုပေါင်း ၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန်လ ၂၃ ရက်မှ ဩဂုတ်လ ၂၀ ရက်ထိဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး တက္ကသိုလ်၏စီမံခန့်ခွဲရေး၊ လေ့ကျင့်ရေးနှင့်လုံခြုံရေးဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားပြီး တက္ကသိုလ်အတွင်း အသားစားကြက်များ မွေးမြူထားရှိမှု၊ တက္ကသိုလ် အဝင်ဂိတ်များနှင့် ဝန်ထမ်းအိမ်ရာများ၊ သင်တန်းအိပ်ဆောင်အလိုက် သင်တန်းသူ၊ သင်တန်းသားများ စိုက်ပျိုးထားရှိသည့် ရာသီသီးနှံစိုက်ခင်းများ၊ သင်တန်းအလိုက် သင်ခန်းစာပို့ချနေမှုနှင့် စစ်ရေးပြလေ့ကျင့်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တက္ကသိုလ်ရှိ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဩဝါဒအမှာစကားပြောကြားကာ အခြေခံပညာ ဆရာ၊ ဆရာမများအထူးမွမ်းမံသင်တန်းအမှတ်စဉ် (၈၀)မှ သင်တန်းသူများနှင့်အတူ ညနေစာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# အရင်တုန်းကစီးခဲ့ရတဲ့ ရထားတွေနဲ့တော့ တခြားစီဖြစ်ပါတယ်။ အတော်လေးခေတ်မီတာကို တွေ့ရပါတယ်။ ရထားထိုင်ခုံတွေကလည်း သက်သောင့်သက်သာဖြစ်သလို အဲကွန်းပါတဲ့အတွက် ခရီးသွားလာရတာ အတော်လေးစိတ်ချမ်းမြေ့စရာကောင်းပါတယ်။

**ဦးတင်ထွေး(ခရီးသည်)**

မြန်မာ့မီးရထားက စပိန်နိုင်ငံမှဝယ်ယူထားသည့် ခေတ်မီလေအေးပေးစက်ပါ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းများဖြင့် ရန်ကုန်-ပဲခူး-ရန်ကုန်ခရီးစဉ်နှင့် ရန်ကုန်မြို့ပတ်ရထားခရီးစဉ်တို့ကို ပြေးဆွဲနေသလို ဂျပန်နိုင်ငံမှဝယ်ယူထားသည့် ခေတ်မီလေအေးပေးစက်ပါ DEMU ရထားတွဲဆိုင်းများဖြင့် နေပြည်တော်-ရန်ကုန်-နေပြည်တော်ခရီးစဉ်ကို ပြေးဆွဲနေသည်ကို ကြားသိရသည်။

ထို့ကြောင့် ရထားစီးခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ စီးနင်းနိုင်ပြီလား၊ လိုရာခရီးသို့ အချိန်တိုအတွင်းရောက်ရှိပြီလား၊ ဈေးနှုန်းသက်သာရဲ့လား၊ ဘေးအန္တရာယ်ကင်းရှင်းရဲ့လား၊ ကျေနပ်မှုရှိကြသလား၊ မြန်မာ့မီးရထားဝန်ထမ်းများ၏ဝန်ဆောင်မှုက ကောင်းမွန်ရဲ့လားဆိုတာကို သိချင်လာမိသည်။ ထို့ကြောင့် သတင်းသမားများဖြစ်သည့် ကျွန်တော်တို့အနေဖြင့် နေပြည်တော်မှ ရန်ကုန်သို့လည်းကောင်း၊ ရန်ကုန်မှ နေပြည်တော်သို့လည်းကောင်း ခရီးသည်များအဖြစ် လိုက်ပါစီးနင်းကြည့်ပြီး အတူလိုက်ပါစီးနင်းခဲ့သူခရီးသည်များ၏အမြင်များကိုမေးမြန်းခဲ့သလို မြန်မာ့မီးရထားမှ ဝန်ထမ်းများအားလည်း တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့ တွေ့ဆုံမေးမြန်းခဲ့မှုများကို အောက်ပါအတိုင်းမှတ်တမ်းတင်ခဲ့ပါသည်-



ဦးတင်ထွေး



ဦးဇော်မင်းသန်း



ဦးဆန်းဝင်း



ဦးအောင်တင်စိုး



ကိုကောင်းမြတ်ဦး



ဦးယဉ်မင်းဦး



မဝေဝေလှိုင်

**ဦးတင်ထွေး(ခရီးသည်)**

ကျွန်တော်က နေပြည်တော်ကနေ ဖြူးမြို့ကို အလည်သွားမှာပါ။ ရထားကို ခရီးသွားရင် အရင်ကတည်းက ခဏခဏ စီးဖြစ်ပါတယ်။ ခေတ်စနစ်တွေ ပြောင်းလဲလာတာနဲ့အမျှ အရာရာတိုင်းက ခေတ်မီလာကြပါပြီ။ မြန်မာနိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍတွေဟာ ခေတ်နဲ့အမီ လိုက်ပါဆောင်ရွက်နိုင်တာကို တွေ့ရပါတယ်။ အခု ရထားခရီးစဉ်မှာလည်း DEMU ဆိုတဲ့ ဂျပန်နိုင်ငံထုတ် ရထားအသစ်ကြီးတွေနဲ့ ခရီးသွားလာနိုင်ခဲ့ပါပြီ။ အရင်တုန်းကစီးခဲ့ရတဲ့ ရထားတွေနဲ့တော့ တခြားစီဖြစ်ပါတယ်။ အတော်လေး ခေတ်မီတာကို တွေ့ရပါတယ်။ ရထားထိုင်ခုံတွေကလည်း သက်သောင့်သက်သာဖြစ်သလို အဲကွန်းပါတဲ့အတွက် ခရီးသွားလာရတာ အတော်လေး စိတ်ချမ်းမြေ့စရာကောင်းပါတယ်။

ရထားလမ်းတွေကို အဆင့်မြှင့်ထားတဲ့အတွက် ရထားစီးရတာ ဟိုးအရင်တုန်းကလို လှုပ်ခါမနေဘဲ ငြိမ်သက်ပြီး ဇိမ်ရှိရှိ



လိုက်ပါနိုင်ပါတယ်။ နေပြည်တော်-ဖြူး ရထားခရီးစဉ်အတွက်ပေးရတဲ့လက်မှတ်ခနဲ့ ရခဲ့တဲ့ဝန်ဆောင်မှုတွေက အလွန်ကို တန်လွန်းပါတယ်။ နောက်ပြီး ဘိုထိုင်အိမ်သာတွေလည်းပါတဲ့အတွက် ကျွန်တော်တို့လို အသက်ကြီးတဲ့သူတွေ ကျန်းမာရေးအရ အလွန်ကိုအဆင်ပြေပါတယ်။ ဒီလို ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်မိပါတယ်။

**ဦးဇော်မင်းသန်း**
**(စက်ခေါင်းမောင်း-၂ အထူး)**

ကျွန်တော်က ရထားစက်ခေါင်းမောင်းရတာကို ဝါသနာလည်းပါပါတယ်။ ခရီးသည်တွေကိုလည်း စိတ်ချမ်းမြေ့စွာနဲ့ အန္တရာယ်ကင်းအောင် လိုက်လံပို့ဆောင်ရတဲ့အတွက် ဝမ်းသာကျေနပ်မိပါတယ်။ ကျွန်တော်က ရန်ကုန် - မန္တလေးအမြန်ရထား၊ ရန်ကုန် - နေပြည်တော် အမြန်ရထားနဲ့ ရန်ကုန်-မော်လမြိုင် အမြန်ရထားတွေကို မောင်းနှင်ရပါတယ်။ အခု မောင်းနှင်ရတာကတော့ အရင်နဲ့မတူတော့ပါဘူး။ အခုကတော့ မီးရထားလမ်းပိုင်းတွေကိုလည်း အဆင့်မြှင့်တင်ထားတယ်။ အချက်ပြစနစ်တွေကိုလည်း အဆင့်မြှင့်တင်ထားတဲ့အတွက် ခရီးစဉ်တွေကတော့ လုံခြုံစိတ်ချရမှုရှိပါတယ်။ DEMU ရထားအသစ်ကြီးကတော့ ပြေးဆွဲတာမကြာသေးတဲ့အတွက် ခရီးသည်တွေအတွက် ထိတွေ့မှု နည်းသေးပါတယ်။ ဒါကြောင့် ရထားခရီးစဉ်အတွင်း လိုက်နာဆောင်ရွက်ရမှာတွေကိုလည်း နားလည်အောင် ရှင်းပြပေးရပါတယ်။ နောက်ပြီး ရထားက အမြန်နှုန်းမြင့်တဲ့အတွက် လမ်းကြောင်းတစ်လျှောက် တရားမဝင်လမ်းကူးမှုတွေကိုလည်း သတိထားမောင်းနှင်ရသလို လမ်းကြောင်းတစ်လျှောက် ရွာတွေကိုလည်း အသိပညာပေးတွေဆောင်ရွက်ပေးရပါတယ်။

အခု ရထားအသစ်ကြီးကတော့ အရင်မောင်းနှင်ခဲ့တဲ့ ရထားတွေနဲ့ ကွဲပြားခြားနားမှုအများကြီးရှိပါတယ်။ စက်ပိုင်းဆိုင်ရာ၊ ဘရိတ်ပိုင်း၊ တံခါးအဖွင့်အပိတ်အပိုင်း၊ အဲကွန်းစနစ်အပိုင်းတွေမှာ အတော်လေး အဆင့်မြင့်တဲ့အတွက် ခရီးသည်တွေအတွက် လုံခြုံစိတ်ချရမှု အတော်လေးရှိပါတယ်။ ဒီရထားကြီး မောင်းနှင်ဖို့အတွက် ဝန်ကြီးဌာနက ဖွင့်လှစ်တဲ့ သင်တန်းတွေတက်ရပါတယ်။ သင်တန်းကာလအနေနဲ့ နှစ်ပတ်ကနေ သုံးပတ်လောက်တက်ခဲ့ရပါတယ်၊ ဒါကြောင့် ရထားအသစ်ကြီးကို ပြည်သူတွေကိုစီးစေချင်ပါတယ်။ ရထားက သက်သောင့်သက်သာလည်းဖြစ်တယ်။ အချိန်လည်းမှန်ကန်တယ်။ သန့်ရှင်းမှုလည်းရှိတယ်။ ဘေးအန္တရာယ်ကင်းရှင်းမှုလည်းရှိတဲ့အတွက် စိတ်ချမ်းသာမှုအပြည့်အဝရရှိမှာဖြစ်ပါတယ်။

**ဦးဆန်းဝင်း(တွဲထိန်းကြီးကြပ်)**

ရန်ကုန်-နေပြည်တော်ပြေးဆွဲနေတဲ့ DEMU ရထားတွဲဆိုင်းမှာ တွဲထိန်းအားလုံးကို ကြီးကြပ်ရတဲ့ ခေါင်းဆောင်အဖြစ်နဲ့ တာဝန်ယူရပါတယ်။ ကျွန်တော်က ခရီးစဉ်အစကနေ အဆုံးအထိ ခရီးသည်တွေ စိတ်အေးချမ်းစွာ သက်သောင့်သက်သာနဲ့ လိုက်ပါစီးနင်းနိုင်ဖို့ ကြီးကြပ်ရပါတယ်။ တွဲထိန်းဝန်ထမ်းတွေကိုလည်း တစ်တွဲမှာ တစ်ယောက်နှုန်းထားရှိပါတယ်၊ ခရီးသည်တွေ ရထားပေါ်တက်လာပြီဆိုရင် ခုံနံပါတ်မမှားစေဖို့၊ ခရီးသည်ပါလာတဲ့အထုပ်တွေကို စနစ်တကျထားရှိစေဖို့နဲ့ ခရီးသည်ရဲ့ လိုအပ်ချက်တွေကို လိုက်လံဖြည့်ဆည်းပေးပါတယ်။ ခရီးသည်တွေ စည်းကမ်းတကျ လိုက်ပါစီးနိုင်ဖို့၊ **စာမျက်နှာ ၇ သို့ ➤**



➤ စာမျက်နှာ ၆ မှအဆက်

တခြားခရီးသည်တွေကို အနှောင့်အယှက်မဖြစ်စေဖို့ အမြဲတမ်းလိုက်လံစစ်ဆေးနေရပါတယ်။ လေအေးပေးစနစ်နဲ့ ပြေးဆွဲတာဖြစ်တဲ့အတွက် အနံ့အသက်ပြင်းလွန်းတဲ့ သစ်သီးဝလံ၊ ကုန်ပစ္စည်းတွေတင်၊ မတင်ကိုလည်း စစ်ဆေးရပါတယ်။

ရထားပေါ်မှာ ကွမ်းသွေးမထွေးဖို့၊ ဆေးလိပ်မသောက်ဖို့ တွဲအစ၊ တွဲအဆုံး မကြာခဏလိုက်လံစိစစ်ပါတယ်။ ခရီးသည်အတင်အချကို အချိန် ၃ မိနစ်ပဲပေးတဲ့အတွက် ဒီရထားစတင်ပြေးဆွဲစဉ်က အရင်က ရထားတွေလို ခရီးသည်ကို ရထားပေါ်အထိ လိုက်လံပို့ဆောင်ပေးတဲ့သူတွေက ပြန်ဆင်းချိန်မရဘဲ ရထားပေါ်လိုက်ပါမှုတွေ ခဏခဏဖြစ်ပွားပါတယ်။ အဲဒီလို မဖြစ်ပွားစေဖို့ ကျွန်တော်တို့ကပဲ ပစ္စည်းတွေကို သယ်ကူ၊ ချကူပါတယ်။ ရထားထွက်ချိန်တွေကလည်း နာရီပိုင်းတွေ ကွာခြားတဲ့အတွက် ရထားနံပါတ်မှားပြီး လိုက်ပါမှုလည်း ရှိပါတယ်။ ဒီကိစ္စရပ်မျိုးတွေ မဖြစ်ပွားရအောင် ကျွန်တော်တို့ တွဲထိန်းတွေက သေချာစိစစ်ပေးရပါတယ်။

ရထားဘူတာတွေမှာ ခရီးသည် အတင်အချပြုလုပ်ရင်လည်း ခရီးသည်ဆင်းရမယ်ဆိုရင် ပစ္စည်းတွေမကျန်ခဲ့စေဖို့ သေချာလိုက်လံစစ်ဆေးပေးပြီး အန္တရာယ်ကင်းကင်းနဲ့ဆင်းနိုင်ဖို့ ဝန်ဆောင်မှုပေးပါတယ်။ ဒီရထားမှာ တွဲထိန်းအတွက် မိန်းကလေးတွေလည်း ပါပါတယ်။ ခရီးသည်တွေ စားသောက်ရေးအဆင်ပြေစေဖို့အတွက် ခေါက်ဆွဲပြုတ်၊ ကော်ဖီ၊ လက်ဖက်ရည်နဲ့ မုန့်မျိုးစုံကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးပါတယ်။ ခရီးသည်တွေ စားသုံးပြီးချိန်ဆိုရင် ခရီးသည်တွေရဲ့အမှိုက်တွေကို လိုက်လံသိမ်းဆည်းပေးပါတယ်။

ဒီရထားကြီး သန့်ရှင်းသပ်ရပ်မှုတွေနဲ့ ရေရှည်တည်တံ့နိုင်ဖို့ ကျွန်တော်တို့က ဝန်ဆောင်မှုပေးသလို ခရီးသည်တွေကလည်း ဝိုင်းဝန်းကူညီပေးကြပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလိုဝန်ဆောင်မှုပေးရတာကို ဝမ်းသာဂုဏ်ယူမိပါတယ်။ ခရီးသည်တစ်ဦးက ဒီရထားကိုစီးပြီး လိုရာခရီးကို စိတ်အေးချမ်းသာစွာနဲ့ ရောက်ရှိသွားရင် ကျွန်တော်တို့က ပိုပြီးပီတိဖြစ်ရပါတယ်။ နိုင်ငံတော်အနေနဲ့ကလည်း ခရီးသည်တွေ လိုရာခရီးကို အချိန်အတိအကျရောက်ရှိပြီး စိတ်အေးချမ်းမှုနဲ့ လိုက်ပါစီးနင်းနိုင်ဖို့ ဆောင်ရွက်ထားတာဖြစ်လို့ မြန်မာ့မီးရထားကို စီးနင်းကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဦးအောင်တင်စိုး(ခရီးသည်)**

ကျွန်တော်ကတော့ အလုပ်ကိစ္စနဲ့ ခရီးတွေ မကြာခဏသွားရပါတယ်။ အရင်ကတော့ ခရီးသွားရင် ကားနဲ့သွားတာများပါတယ်။ ရထားနဲ့လည်း တစ်ခါတလေ သွားတတ်ပါတယ်။ ရထားနဲ့ ခရီးသိပ်မသွားဖြစ်တာက ခရီးနှောင့်နှေးလို့ပါ။ အခု DEMU ရထားအသစ်ကြီးတွေနဲ့ ပြေးဆွဲနေပြီလို့ ကြားသိရတဲ့အတွက် လာရောက်စီးနင်းတာဖြစ်ပါတယ်။ သတင်းတွေထဲမှာ သန့်ရှင်းသပ်ရပ်တယ်။ ဘိုထိုင်အိမ်သာတွေပါတယ်။ အဲကွန်းတွေ ပါတယ်လို့ ကြားသိခဲ့ရပါတယ်။ ဒါကြောင့် စိတ်ဝင်စားလို့ စီးနင်းတာဖြစ်ပါတယ်။ အခု လက်တွေ့မှာတော့ ကြားသိခဲ့ရတာထက်ကို ပိုပါတယ်။ ရထားစီးရတာ ငြိမ့်ညောင်းမှုရှိသလို သန့်ရှင်းမှုကလည်း ပြောစရာကို မလိုတော့ပါဘူး။ ရထားဝန်ထမ်းတွေရဲ့ ပြောဆိုဆက်ဆံမှုတွေကလည်း ကျေနပ်စရာကောင်းလှပါတယ်။ အိမ်သာတွေကလည်း အရင်တုန်းကနဲ့မတူဘဲ အတော်လေးသန့်ရှင်းတဲ့အတွက် စိတ်ချမ်းမြေ့ရပါတယ်။ ရထားရဲ့အမြန်နှုန်းကလည်း မြန်ဆန်မှုရှိတဲ့အတွက် လိုရာခရီးကို အချိန်တိုအတွင်း ရောက်ရှိပါတယ်။ ဒါကြောင့် DEMU ရထားအသစ်ကြီးကို လာရောက်စီးကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။ စိတ်ချမ်းသာမှုအပြည့်ရမှာဖြစ်ပါတယ်။

**ကိုကောင်းမြတ်ဦး(ခရီးသည်)**

ကျွန်တော်ကတော့ ရန်ကုန်မြို့ကနေ နေပြည်တော်ကို အလုပ်ကိစ္စနဲ့ ခရီးသွားမှာဖြစ်ပါတယ်။ ဒီတစ်ခေါက်နဲ့ဆိုရင်တော့ ရထားစီးဖူးတာ နှစ်ကြိမ်ရှိပါပြီ။ ဒီရထားအသစ်ကြီးကတော့ပြောစရာကိုမလိုအောင် စီးလို့ကောင်းပါတယ်။ သန့်ရှင်းမှုလည်းရှိတယ်။ မြန်လည်းမြန်တယ်။ အချိန်တိကျမှုလည်းရှိတယ်။ ကိုယ်ရောက်နေတဲ့ ဘူတာကို ချက်ချင်းသိရသလို နောက်ရောက်မယ့် ဘူတာကိုလည်း ကြိုတင်ကြေညာပေးတဲ့ အချက်ကိုလည်း အတော်လေးသဘောကျမိတယ်။ အိမ်သာတွေကလည်း ထင်မထားလောက်အောင်ကို သန့်ရှင်းတယ်။ အဆင့်မီတယ်။ ပြည်သူတွေအနေနဲ့လည်း စည်းကမ်းတကျနဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာမယ်ဆိုရင် ရထားကြီးကတော့ အမြဲတမ်း ခေတ်မီနေမှာပါ။ တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းနေနိုင်ပြီလို့လည်း ခံစားမိပါတယ်။ မြန်မာ့မီးရထားကတော့ တော်တော်လေး တိုးတက်လာပါပြီ။ ဒီလိုမျိုးအရှိန်အဟုန်နဲ့ ဆက်သွားမယ်ဆိုရင် ကျွန်တော်အပါအဝင် ပြည်သူတွေ အများစုကရထားစီးနင်းလာကြတော့မှာပါ။

**ဦးယဉ်မင်းဦး**

**(မန်နေဂျာ၊ သွားလာရေး/တိုင်း)**

မြန်မာ့မီးရထားအနေနဲ့ အရင်က ရိုးရိုးတွဲဆိုင်းတွေနဲ့ ပြေးဆွဲနေတာကနေ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့ ရိုးရိုးတွဲဆိုင်းရထားတွေနေရာမှာ လေအိတ်တွဲဆိုင်းရထားတွေနဲ့ အစားထိုးပြေးဆွဲခဲ့ပါတယ်။ လေအိတ်တွဲဆိုင်းရထားတွေနဲ့ ပြေးဆွဲတဲ့အတွက် ရန်ကုန်မြို့ပတ်နဲ့ ရန်ကုန်-မန္တလေးလမ်းပိုင်းက ရထားလမ်းပိုင်းတွေကို အဆင့်မြှင့်တင်မှာဖြစ်တဲ့အတွက် ရန်ကုန်မြို့ပတ်လမ်းပိုင်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်မှာ ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှု ပြီးစီးခဲ့ပါတယ်။ ရန်ကုန်-မန္တလေးလမ်းပိုင်းသစ်ကို ၂၀၁၉ ခုနှစ် ဇွန်လ ၃ ရက်မှာ JICA စီမံကိန်းနဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်မှာ ရန်ကုန် - တောင်ငူ လမ်းပိုင်း ပြုပြင်မှုပြီးစီးခဲ့ပါတယ်။ လမ်းပိုင်းတွေ ပြုပြင်ပြင်ဆင်ပြီးတာနဲ့ အဲဒီလမ်းပိုင်းတွေမှာ ပြေးဆွဲဖို့ဆိုပြီး DEMU တွဲဆိုင်းတွေကို မှာယူခဲ့ပါတယ်။ DEMU စပိန်တွဲဆိုင်းတွေကို ရန်ကုန်မြို့ပတ်လမ်းပိုင်းမှာဆိုရင် ၁၁ ဆိုင်း မှာယူထားပါတယ်။ ရန်ကုန်-မန္တလေးလမ်းပိုင်းမှာ YM-1 CMC ကို ပထမအသုတ်အနေနဲ့ လေးဆိုင်းမှာယူထားပါတယ်။ အဲဒီလေးဆိုင်းကတော့ ဂျပန်တွဲဆိုင်းဖြစ်ပါတယ်။ YM-2 ၁၅ ဆိုင်းကတော့ စပိန်တွဲဆိုင်းဖြစ်ပါတယ်။

ရန်ကုန်မြို့ပတ်မှာ ပြေးဆွဲနေတဲ့ ၁၁ ဆိုင်းက ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ၂ ရက်မှာ ရောက်ရှိပြီဖြစ်ပါတယ်။ ဂျပန်တွဲဆိုင်းလေးဆိုင်းက ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၅ ရက်မှာ စတင်ရောက်ရှိပြီး ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၂၉ ရက်မှာ လေးဆိုင်းလုံး ရန်ကုန်ဘူတာကို ရောက်ရှိခဲ့ပါတယ်။ ရန်ကုန်-မန္တလေးလမ်းပိုင်းမှာ ပြေးဆွဲမယ့် စပိန်တွဲဆိုင်း YM-2 ၁၅ ဆိုင်း မှာယူထားတဲ့အနက် ၁၄ ဆိုင်း ရောက်ရှိနေပြီဖြစ်ပါတယ်။ မြန်မာ့မီးရထားအနေနဲ့ ၁၃ ဆိုင်း လက်ခံထားပြီး တစ်ဆိုင်းကိုတော့ အရည်အသွေးစစ်ဆေးနေဆဲဖြစ်ပါတယ်။

DEMU ရထားတွဲဆိုင်းကို စက်မှုဌာနမှ စက်ခေါင်းမောင်းတွေက မောင်းနှင်ပါတယ်။ ဒီရထားတွေ မောင်းနှင်နိုင်ဖို့အတွက် စက်ခေါင်းမောင်းတွေကို JICA က စာတွေ့၊ လက်တွေ့ သင်တန်းပို့ချပေးပါတယ်။ DEMU ရထားတွဲဆိုင်းတွေရဲ့ မောင်းနှင်စနစ်၊ ပြုပြင်ရေးတို့အတွက် စက်ခေါင်းမောင်းတွေအပြင် မြန်မာ့မီးရထားရဲ့ စက်ခေါင်းပြင်အဖွဲ့တွေကိုပါ သင်တန်းပို့ချပေးတာဖြစ်ပါတယ်။ တွဲထိန်း၊ ဂတ်ဗိုလ်၊ သွားလာပို့ဆောင်ရေးက ဝန်ထမ်းတွေကိုပါ ပူးတွဲသင်တန်းပို့ချပါတယ်။ ရည်ရွယ်ချက်ကတော့ စက်ခေါင်းမောင်းနှင်မှုတစ်ခုတည်းမဟုတ်ဘဲ တံခါးအလိုအလျောက်ပိတ်တဲ့စနစ်၊ ဝန်ဆောင်မှုပေးတဲ့စနစ်တွေကိုပါ သင်တန်းပို့ချပေးပါတယ်။ မြန်မာ့မီးရထားရဲ့ ဝန်ထမ်းတိုင်းကို မွမ်းမံသင်တန်းတွေ ဆက်လက်ပို့ချရပါတယ်။

DEMU ဂျပန်တွဲဆိုင်းတွေမှာ မြို့ပတ်ရထားဆိုရင် ဘေးတန်း မျက်နှာချင်းဆိုင်ဖြစ်ပါတယ်။ ရထားတွဲတစ်စင်းမှာ တွဲဆိုင်းခြောက်ဆိုင်းပါဝင်ပြီး ထိုင်စီးအတွက် ၃၃၂ ဦး၊ မတ်တတ်စီးက ၅၀၀ ခန့် စုစုပေါင်း ၈၃၂ ဦး လိုက်ပါစီးနင်းလို့ရပါတယ်။ ရန်ကုန် - နေပြည်တော် ပြေးဆွဲတဲ့ရထားမှာဆိုရင် အထက်တန်း နှစ်တွဲမှာ ၃၆ ခုံစီနဲ့ ၇၂ ဦး၊ ပထမတန်းလေးတွဲမှာ ၂၄၀ ဦး လိုက်ပါစီးနင်းလို့ရပါတယ်။ DEMU စပိန်တွဲဆိုင်းမှာ အထက်တန်းတွဲတစ်တွဲမှာ ၃၃ ခုံပါပါတယ်။ ပထမတန်း လေးတွဲမှာ ၂၂၄ ခုံ ပါပါတယ်။ ရန်ကုန်မြို့ ပတ်လမ်းပိုင်းမှာ RBE လေးဆိုင်းနဲ့ ၂၃ ခေါက်၊ DEMU နဲ့ နှစ်ဆိုင်း လေးခေါက် စုစုပေါင်း ၂၇ ခေါက် ပြေးဆွဲပါတယ်။

အမြန်ရထားတွေအနေနဲ့ ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၊ ရန်ကုန်-ပြည်လမ်းပိုင်းဆိုပြီး ပြေးဆွဲနေပါတယ်။ ရန်ကုန်-မန္တလေးလမ်းပိုင်းမှာဆိုရင် အမှတ် (၁) အဆန် အမှတ် (၂)အစုန် စာပို့ရထား တစ်ရက်ခြား ပြေးဆွဲပါတယ်။ အမှတ် (၁၁) အဆန် အမှတ် (၁၂) အစုန် အမြန်ရထားကတော့ နေ့စဉ်ပြေးဆွဲပါတယ်။ အမှတ် (၇ )အဆန် အမှတ်(၈) အစုန်ကတော့ ရန်ကုန်-နေပြည်တော်ပြေးဆွဲပြီး မန္တလေးဘက်ကို ချိတ်ဆက်ပြီး အမှတ်(၂၇) အဆန်အမှတ်(၂၈) အစုန်ဆိုပြီး နေ့စဉ်ပြေးဆွဲလျက်ရှိပါတယ်။

ရန်ကုန်-ပဲခူးလမ်းပိုင်းအမှတ်(၁၃)အဆန် အမှတ်(၁၄) အစုန်နဲ့ အမှတ် (၁၅) အဆန် အမှတ်(၁၆)အစုန်ကို DEMU တွဲဆိုင်းနဲ့ပြေးဆွဲလျက်ရှိပါတယ်။ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းမှာတော့ အမှတ် (၈၁) အဆန် အမှတ် (၈၂ )အစုန် ပြေးဆွဲပါတယ်။ ရန်ကုန်-ပြည်လမ်းပိုင်းမှာတော့ အမှတ် (၇၁) အဆန် အမှတ် (၇၂ )အစုန်ပြေးဆွဲပါတယ်။ ရန်ကုန်-ပုဂံလမ်းပိုင်းမှာတော့ အမှတ် (၆၁) အဆန် အမှတ် (၆၂)အစုန် သောကြာနေ့တိုင်းပြေးဆွဲပါတယ်။ ရန်ကုန်အခြေစိုက်အနေနဲ့ ကြည့်မြင်တိုင်-ပြည်ကို ပြေးဆွဲတဲ့ အမှတ် (၆၃) အဆန် အမှတ် (၆၄ )အစုန်ကိုလည်း ပြေးဆွဲလျက်ရှိပါတယ်။ အင်းစိန်-ဥက္ကံကို အမှတ် (၆၅) အဆန် အမှတ် (၆၆) အစုန်ပြေးဆွဲပါတယ်။ နေ့ထူးနေ့မြတ် ပိတ်ရက်တွေမှာတော့ လမ်းပိုင်းတိုင်းကို အထူးရထားအဖြစ် အမြဲတမ်းပြေးဆွဲပေးနေပါတယ်။

DEMU ရထားက အခြားနိုင်ငံကနေ မှာယူတင်သွင်းရတဲ့အတွက် တစ်ဆိုင်းတစ်တွဲရဲ့ တန်ဖိုးက ကြီးမားပါတယ်။ လေအေးပေးစက်စနစ်နဲ့ အသုံးပြုတဲ့အတွက် တွဲတိုင်းမှာ အနံ့အသက်မကောင်းတဲ့ပစ္စည်းတွေ တင်ဆောင်ခွင့်မပြုပါဘူး။ ကွမ်းယာစားခြင်းနဲ့ ဆေးလိပ်သောက်ခြင်းလည်း ခွင့်မပြုပါဘူး။ အခြားခရီးသည်ကို စိတ်အနှောင့်အယှက်ဖြစ်စေမယ့် အထုပ်အပိုးကြီးကြီးမားမားတွေလည်း ယူဆောင်ခွင့်မပြုပါဘူး။ အိမ်မွေးတိရစ္ဆာန်လည်း တင်ဆောင်ခွင့်မရှိပါဘူး။ သန့်ရှင်းမှုကို အလေးထားတဲ့အတွက်တွဲတိုင်းမှာ တွဲစောင့်တွေထားရှိပါတယ်။ တွဲစောင့်တွေက အမှိုက်တွေကို လိုက်လံသိမ်းဆည်းပေးပါတယ်။ သန့်စင်ခန်းမှာဆိုရင်လည်း လက်ဆေးဘေစင်၊ ဆပ်ပြာ၊ ဘိုထိုင်တွေ ပါပါတယ်။ မိလ္လာစနစ်ဆိုရင် စက်ရုံရောက်တဲ့အခါမှာ မိလ္လာသန့်စင်စက်နဲ့ သန့်ရှင်းရေးလုပ်ပါတယ်။ ရေရှည်အသုံးပြုနိုင်ဖို့အတွက် စနစ်တကျအသုံးပြုပေးခြင်းဖြင့် ကူညီပေးကြပါလို့ပြောချင်ပါတယ်။

ခရီးသည် လုံခြုံရေးအတွက်ဆိုရင်လည်း ရထားထွက်ပြီဆိုတာနဲ့ အသိပေးကြေညာပြီး တံခါးက အလိုအလျောက်ပိတ်သွားတဲ့အတွက် လုံခြုံမှုကအပြည့်အဝရရှိစေပါတယ်။ လက်မှတ်စစ်ကလည်း မှတ်ပုံတင်နဲ့တကွ သေချာစိစစ်တာဖြစ်တဲ့အတွက် လူပိုလူလျှံလည်း တင်ဆောင်လို့မရပါဘူး။ ရထားလက်မှတ်ဝယ်ယူမှုမှာလည်း ရိုးရိုးတန်းဆိုရင် တစ်ရက်ကြိုရောင်းပါတယ်၊ အထက်တန်းဆိုရင်သုံးရက်ကြိုရောင်းချပါတယ်၊ ရန်ကုန်-နေပြည်တော်ပြေးဆွဲနေတဲ့ အမှတ် (၇) အဆန် အမှတ် (၈) အစုန်ဆိုရင် ရိုးရိုးတန်းမပါပါဘူး။ ပထမတန်းနဲ့၊ အထက်တန်းပဲပါပါတယ်။ လက်ရှိဘူတာရုံတွေမှာ သုံးရက်ကြိုစနစ်နဲ့ ရောင်းချပေးနေပါတယ်။ အွန်လိုင်းကနေ အလွယ်တကူ ဝယ်ယူနိုင်ဖို့အတွက်လည်း စီစဉ်ဆောင်ရွက်နေပါတယ်။

**မဝေဝေလှိုင်(တွဲထိန်း)**

မီးရထားပေါ်မှာ အမျိုးသမီးဝန်ထမ်းအဖြစ် ပထမဆုံး လိုက်ပါတာလည်းဖြစ်ပါတယ်။ အတွေ့အကြုံကလည်း ပထမဆုံးဖြစ်တဲ့အတွက်တာဝန်မကျေမှာ၊ ဝန်ဆောင်မှုပေးတဲ့အခါ လိုအပ်ချက်တွေရှိမှာကို စိတ်ပူပန်ခဲ့ရပါတယ်။ တွဲထိန်းကြီးကြပ်တွေရဲ့ သင်ပြမှုတွေနဲ့ အခုဆိုရင် အလုပ်အပေါ်မှာ ကျွမ်းကျင်ပြီး ဝန်ဆောင်မှုပေးရတာလည်း ပျော်ဖို့ကောင်းတယ်လို့ ခံစားရပါတယ်။ ရထားကြီးကလည်း ခေတ်မီရထားဆိုတော့ သန့်ရှင်းမှုအပိုင်းကိုတော့ သေချာလေး ဂရုစိုက်ဆောင်ရွက်ပေးရပါတယ်။ ခရီးသည်တွေမသိတာရှိရင်လည်း သေချာလေးလမ်းညွှန်ပေးပါတယ်။ အရင်တုန်းက ခရီးသည်အနေနဲ့ စီးနင်းခဲ့ပြီး အခုကိုယ်တိုင်က ဝန်ဆောင်မှုပေးရတဲ့ ဝန်ထမ်းတစ်ယောက် ဖြစ်နေတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ မိဘဆွေမျိုးတွေကလည်း မီးရထားဝန်ထမ်းတွေဖြစ်လို့ မိဘတွေရဲ့အမွေကို ဆက်ခံရသလိုမျိုး ဖြစ်တဲ့အတွက် ပိုပြီးဂုဏ်ယူမိပါတယ်။ ။

**တွေ့ဆုံမေးမြန်း - အေးသန့်အောင**

**ဓာတ်ပုံ - အောင်သန့်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။ (မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°C | / | ၃၂°C |
| ရန်ကုန် | ၂၅°C | / | ၃၂°C |
| မန္တလေး | ၂၆°C | / | ၃၆°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မပျက်မကွက်ထိုးနှံထားကြစေလို

**"ဝင်ငွေနည်းပါးသည့်နိုင်ငံများ၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုပမာဏကျဆင်းလာခြင်းနှင့် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းဗိုင်းရပ်စ်များ၏ ရောဂါကူးစက်နိုင်မှုအတိုင်းအတာများပြားလာခြင်းတို့ကို ယခုအချိန်တွင် တွေ့ရှိနေရသည်။ ကမ္ဘာပေါ်ရှိ တချို့သော ဝင်ငွေမြင့်မားသည့်နိုင်ငံများတွင်ပင် ကျန်းမာရေးလုပ်သား ၃၀ ရာခိုင်နှုန်းနှင့် သက်ကြီးရွယ်အို ၂၀ ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေးမထိုးနှံရသေးသည်ကို တွေ့ရှိရသောကြောင့် လူသားအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူကာ လူအများအပြားရှိသည့်နေရာ၌ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) တပ်ဆင်ခြင်းကဲ့သို့သော ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း WHO က သတိပေးနိုးဆော်ထား. . ."**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျှော့နည်းစေတတ်ခြင်း၊ အထူးသဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ၊ ရောဂါ၏နောက်ဆက်တွဲပြဿနာများဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသူများ နီးစပ်ရာကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မဖြစ်မနေထိုးနှံကြရန် ကျန်းမာရေးဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် အသိပေးနှိုးဆော်လျက်ရှိသည်။

ဗီဇပြောင်း မျိုးကွဲအသစ်များသည် အသက်ရှူလမ်းကြောင်း အထက်ပိုင်းဖြစ်သည့် နှာခေါင်း၊ ပါးစပ်၊ အာခေါင်နှင့် လည်ချောင်းတို့ကိုသာ အဓိကတိုက်ခိုက်ခြင်းဖြစ်သောကြောင့် ရောဂါပြင်းထန်မှုကို လျှော့နည်းစေပြီး အသက်အန္တရာယ်သေဆုံးသည်အထိ မပြင်းထန်သော်လည်း ကူးစက်မှုမြန်ဆန်ခြင်း၊ ယခုနှစ် မြန်မာနိုင်ငံ၏ရာသီဥတုသည် ယခင်နှစ်ကထက် မုတ်သုံ ၁၀ ရက်ခန့် စောဝင်ခြင်းနှင့်အတူ လက်ရှိ ရာသီဥတုအခြေအနေမှာလည်း ယခင်နှစ်ကထက် မိုးရေချိန်လက်မ နှစ်ဆပိုနေခြင်း၊ ယခုနှစ်တွင် မိုးဦး၊ မိုးလယ်၊ မိုးနှောင်းကာလပတ်လုံး မိုးကြီးမည်ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါပိုး၏ သဘောသဘာဝသည် အေး၍စိုစွတ်သောရာသီတွင် ကူးစက်နှုန်းမြန်ဆန်ခြင်း၊ အခြေခံပညာကျောင်းဖွင့်ရာသီနှင့် တိုက်ဆိုင်နေခြင်း စသည့်အကြောင်းများကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မြင့်တက်လာမည့်အရေး အထူးသတိထားရမည်ဖြစ်သည်။

### WHO ၏ သတိပေးချက်

ကိုဗစ်-၁၉ ရောဂါသည် ကူးစက်ပြန့်ပွားမှု ကြာမြင့်နေသည့်တိုင် ယခုအချိန်ထိ အရှိန်ရှိနေဆဲဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ သေဆုံးမှုနှုန်းမှာ အမျိုးသား ၅၇ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၄၃ ရာခိုင်နှုန်းဖြစ်ပြီး သေဆုံးသူ စုစုပေါင်း၏ ၈၂ ရာခိုင်နှုန်းမှာ အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးပိုင်းအရွယ်များဖြစ်ကြကြောင်း WHO မှ ထုတ်ပြန်ထားသည်။ ဝင်ငွေနည်းပါးသည့်နိုင်ငံများ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုပမာဏကျဆင်းလာခြင်းနှင့် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းဗိုင်းရပ်စ်များ၏ ရောဂါကူးစက်နိုင်မှု အတိုင်းအတာများပြားလာခြင်းတို့ကို ယခုအချိန်တွင် တွေ့ရှိနေရသည်။ ကမ္ဘာပေါ်ရှိ တချို့သောဝင်ငွေမြင့်မားသည့်နိုင်ငံများတွင်ပင် ကျန်းမာရေးလုပ်သား ၃၀ ရာခိုင်နှုန်းနှင့် သက်ကြီးရွယ်အို ၂၀ ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေးမထိုးနှံရသေးသည်ကို တွေ့ရှိရသောကြောင့် လူသားအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူကာ လူအများအပြားရှိသည့်နေရာ၌ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကဲ့သို့သော ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း WHO က သတိပေးနှိုးဆော်ထားသည်။

### မကူးစက်တတ်သောရောဂါများနှင့် ကိုဗစ်-၁၉ ရောဂါအန္တရာယ်

ဆီးချို၊ နှလုံး၊ ကျောက်ကပ်ရောဂါများသည် လူတစ်ဦးမှတစ်ဦးသို့ မကူးစက်တတ်သော ရောဂါများဖြစ်သော်လည်း ထိုရောဂါများကပင် လူ့ဘဝသက်တမ်းကိုတိုတောင်းစေသဖြင့် မပေါ့ဆသင့်ပေ။ သုတေသနရလဒ်များအရ ဆီးချိုရောဂါရှိသူများသည် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရနိုင်ခြေနှင့် သေဆုံးနိုင်ခြေအမြင့်မားဆုံးဖြစ်သည်။ ထို့ကြောင့် ဖော်ပြပါမကူးစက်တတ်သော ရောဂါရှိသူများနှင့် ၎င်း၏မိသားစုဝင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါမဖြစ်အောင် အထူးသတိပြု၍ ကာကွယ်ဆေးကိုမပျက်မကွက်ထိုးနှံကာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ ကြိုတင်ကာကွယ်ပြုမူနေထိုင်သင့်ပေသည်။

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားပါက ကျောက်ကပ် ထိခိုက်ပျက်စီးမှုကို ကာကွယ်နိုင်

ဆေးရုံတက်ရောက်ကုသမှုခံယူနေရသူများအနေဖြင့် ကျောက်ကပ်ထိခိုက်ပျက်စီးခဲ့ပါက အဆက်မပြတ် ကျောက်ကပ်ဆေးပေးရန်လိုအပ်ကြောင်း၊ သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ နောက်ဆုံး လေ့လာတွေ့ရှိချက်အရ ဆေးရုံတက်ရောက်ကုသမှုခံယူနေရသည့် ကိုဗစ်-၁၉ ရောဂါလူနာများအနေဖြင့် ကာကွယ်ဆေးထိုးနှံထားပါက ကျောက်ကပ်ပျက်စီးနိုင်ခြေနည်းပါးကြောင်း သိရသည်။ လေ့လာတွေ့ရှိချက်အရ ဆေးရုံတက်လူနာများအနက် ကာကွယ်ဆေးမထိုးထားသူအများစုတွင် ကျောက်ကပ်ပျက်စီးမှုကြောင့် ကျောက်ကပ်ဆေးနေရသူ ၁၇ ရာခိုင်နှုန်းအထိရှိသော်လည်း ကာကွယ်ဆေးထိုးနှံထားသူအများစုတွင် ၁၁ ရာခိုင်နှုန်းသာတွေ့ရကြောင်း၊ အမေရိကန်သုတေသနပညာရှင်များသည် ဆေးရုံတက် ကိုဗစ်-၁၉ ရောဂါလူနာ ၃၅၀၀ ခန့်၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်များကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

### ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ လူမျိုးမရွေး၊ ဘာသာမရွေး၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါအခံရှိသူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ လူအစုလိုက်အပြုံလိုက် ကာကွယ်ဆေးထိုးနှံခြင်းသည် ရောဂါမဖြစ်အောင် တစ်ခုတည်းသော ကြိုတင်ကာကွယ်နည်းဖြစ်ရာ အိုမီခရွန်မျိုးကွဲများကြောင့် တစ်ကျော့ပြန် ကိုဗစ်-၁၉ ရောဂါမပေါ်ပေါက်စေရေးအတွက် ကာကွယ်ဆေးထိုးနှံထားကြရန် အထူးလိုအပ်သည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပြီးချိန်တွင် ပဋိပစ္စည်းထွက်ပေါ်မှု ၃၈ ဆအထိ မြင့်တက်လာနိုင်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပြီးချိန်တွင် မည်သည့်အသက်အရွယ်ရှိသူပင်ဖြစ်စေ ကိုရိုနာဗိုင်းရပ်စ်ဆန့်ကျင်ရေးပဋိပစ္စည်း ထွက်ပေါ်မှုအဆင့်မှာ ၃၈ ဆအထိ မြင့်တက်လာကြောင်း ဂျပန်နိုင်ငံ ချီဘားတက္ကသိုလ်ဆေးရုံမှ သုတေသီများက ဆိုသည်။ အဆိုပါသုတေသီများသည် အသက် ၂၀ နှင့် ၇၀ ကြား လူဦးရေ ၁၃၇၀ ကျော်ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အားဖြည့် တတိယအကြိမ် မထိုးနှံမီနှင့် ထိုးနှံပြီးနောက်ပိုင်းများတွင် လေ့လာစောင့်ကြည့်ခဲ့ကြသည်။ ရလဒ်များအရ လေ့လာမှုတွင် ပါဝင်သူများ၏ ကိုရိုနာဗိုင်းရပ်စ်ဆန့်ကျင်ရေး ပဋိပစ္စည်းထွက်ပေါ်မှုအဆင့်သည် တတိယအကြိမ် ထိုးပြီးချိန်တွင် ၂၂၄၇၁ ယူနစ်အထိ မြင့်တက်လာသည်ကိုတွေ့ရကြောင်း သုတေသီများက ဆိုသည်။

ကာကွယ်ဆေးတတိယအကြိမ် ထိုးနှံပြီးနောက် ထွက်ပေါ်လာသည့် ဗိုင်းရပ်စ်ဆန့်ကျင်ရေး ပဋိပစ္စည်းအဆင့်သည် ပုံမှန်ထက် ၃၈ ဆမြင့်တက်ပြီး ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပြီးချိန်တွင် ပေါ်လာသည့်အဆင့်ထက် ၁၀ ဆကျော် မြင့်မားကြောင်း သုတေသီများက တွေ့ရှိထားသည်။ အဆိုပါလေ့လာမှုတွင် ပါဝင်သူများမှာ ကာကွယ်ဆေးဒုတိယအကြိမ် ထိုးနှံပြီးနောက် ထွက်ပေါ်လာသည့် ဗိုင်းရပ်စ်ဆန့်ကျင်ရေး ပဋိပစ္စည်းအဆင့်မှာ ယူနစ် ၂၀၆၀ ရှိကြောင်း သိရသည်။

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ အာနိသင်

တုပ်ကွေးရောဂါကာကွယ်ဆေးများ၏ အာနိသင်သည် အဝလွန်သူများတွင် လျော့ပါးသွားတတ်သဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည်လည်း အဝလွန်သူများအတွက် ထိရောက်မှု အားနည်းနေမည်ကို စိုးရိမ်ခဲ့ကြသည်။ သို့သော် ခန္ဓာကိုယ်အလေးချိန် မည်မျှရှိသည်ဖြစ်စေ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုဖြင့် ရောဂါပြင်းထန်နိုင်မှုကို ကာကွယ်နိုင်ကြောင်း ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက အတည်ပြုထားကြသည်။ အဆိုပါ သုတေသနပညာရှင်များသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ၏ ထိရောက်မှုနှင့်ကိုယ်အလေးချိန်တို့ကြား ဆက်စပ်မှုကိုဖော်ထုတ်ရေးအတွက် အရွယ်ရောက်သူဦးရေ ကိုးသန်းကျော်ကို လေ့လာခဲ့ကြရာ ရလဒ်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ပြည့်ထိုးနှံထားသူများသည် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရနိုင်ခြေ သို့မဟုတ် သေဆုံးနိုင်ခြေကို ကာကွယ်ထားနိုင်ကြောင်း သိရသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး၏ အထက်ပါအကျိုးကျေးဇူးကို ကျန်းမာရေးနှင့်ညီညွတ်သည့် ကိုယ်အလေးချိန်ရှိသူများသာမက အဝလွန်သူများလည်း ခံစားကြရကြောင်း သုတေသနပညာရှင်များက အတည်ပြုထားကြသည်။

### ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းဖြင့် ရောဂါ ကူးစက်ခံရနိုင်ခြေ လျှော့ချပေးနိုင်ဖွယ်ရှိ

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပုံမှန်ပြုလုပ်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရနိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း စပိန်နိုင်ငံ ဗလင်စီယာ တက္ကသိုလ်မှ သုတေသနပညာရှင်များက ဆိုသည်။ ကိုယ်ကာယလှုပ်ရှားမှုများသည် ခုခံအားစနစ်ကို အားဖြည့်ပေးခြင်းဖြင့် ပြင်းထန်သော ကူးစက်ရောဂါများ ကူးစက်ခံရနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း၊ ထိုနည်းတူ ကိုယ်ကာယလေ့ကျင့်ခန်းများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရနိုင်ခြေကိုလည်း လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း သုတေသီများက ယုံကြည်ထားသည်။ အဆိုပါသုတေသီများသည် နိုင်ငံတကာ လေ့လာချက် စာတမ်းအများအပြားကို ပြန်လည်စိစစ်သုံးသပ်ခဲ့ရာ တစ်ပတ်လျှင် ခပ်သွက်သွက် လမ်းလျှောက်ခြင်းကဲ့သို့ အထိုက်အလျောက် အားစိုက်ရသော လေ့ကျင့်ခန်းများကို မိနစ် ၁၅၀ ခန့် အချိန်ပေးပြုလုပ်သူများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရနိုင်ခြေ ပုံမှန်ထက် ၁၁ ရာခိုင်နှုန်းပိုနည်းပါးကြောင်းနှင့် အလားတူ ရေကူးခြင်း၊ ဘောလုံးကန်ခြင်းကဲ့သို့ အားစိုက်ရသည့် ကိုယ်လက်လှုပ်ရှားမှုများကို တစ်ပတ်လျှင် ၇၅ မိနစ်နှင့်အထက် ပြုလုပ်သူများတွင်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရနိုင်ခြေ ပုံမှန်ထက် ပိုကျဆင်းနေတတ်ကြောင်း သုတေသီများက တွေ့ရှိထားသည်။

အချုပ်အားဖြင့်ဆိုရသော် မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေး ဗဟိုဌာန (Myanmar CDC) ၏ ထုတ်ပြန်ချက်အရ လက်ရှိ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါသည် စိုးရိမ်ဖွယ်ရာအခြေအနေမရှိသေးသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊ ဆီးချိုရောဂါ၊ နာတာရှည် အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ သုံးလနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြရန်လိုအပ်သည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါ အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ယခုအခါ မျိုးဗီဇပုံပြောင်းပိုးများကြောင့် ရောဂါတွေ့ရှိသူ အတည်ပြုလူနာသစ်များ ပေါ်ပေါက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါကို ခုခံနိုင်ရေးသည် အများပြည်သူ၏ ရောဂါကာကွယ်ရေးဆိုင်ရာ ပါးစပ်နှင့်နှာခေါင်းစည်း(Mask) တပ်ဆင်ခြင်းအပါအဝင် အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာမှု၊ ကာကွယ်ဆေးအကြိမ်ပြည့် မပျက်မကွက်ထိုးနှံမှုအပေါ်တွင် မူတည်နေသည်ကို အထူးသတိပြုကြစေလိုကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

ပေါက်ပေါက်

## မသန်စွမ်းသက်ကြီးသင်တန်းကျောင်းမှ သင်တန်းသား၊ သင်တန်းသူများခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း အမှတ်စဉ်(၂)၊ (၃) လသင်တန်းများဖြစ်သော ဆံသသင်တန်း၊ စက်ချုပ်သင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် တံဆိပ်ရိုက်သင်တန်းများကို ၈.၉.၂၀၂၅ ရက်မှ ၅.၁၂.၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

**သတ်မှတ်ချက်များ**

၁။ ကိုယ်အင်္ဂါမသန်စွမ်းသူဖြစ်ရမည်။
၂။ အသက်(၁၈)နှစ်မှ (၄၅)နှစ်အတွင်းရှိသူဖြစ်ရမည်။
၃။ နေ့စဉ်တစ်ကိုယ်ရေလုပ်ငန်းဆောင်တာများအား ဆောင်ရွက်နိုင်သူဖြစ်ရမည်။
၄။ ကျား/မ၊ လူမျိုးနှင့် ကိုးကွယ်ရာဘာသာမရွေးလျှောက်ထားနိုင်သည်။
၅။ သင်တန်းကာလပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။

**သင်တန်းအပ်နှံရာတွင် လိုအပ်သည့်အချက်များ**

၁။ မှတ်ပုံတင်မိတ္တူ
၂။ အိမ်ထောင်စုဇယားမိတ္တူ
၃။ ပညာအရည်အချင်းထောက်ခံစာမိတ္တူ
၄။ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ
၅။ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ အမှန်တကယ်နေထိုင်ကြောင်းထောက်ခံချက်မူရင်း
၆။ ကျန်းမာရေးနှင့်ပတ်သက်သော ဆေးမှတ်တမ်းများနှင့် သောက်သုံးနေရသည့် ဆေးဝါးများယူဆောင်လာရန်

လျှောက်ထားလိုသူများသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းဝင်းအတွင်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင်တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

သင်တန်းတက်ရောက်ခွင့်ရသူများသည် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း စားသောက်နေထိုင်ရေး၊ သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား၊ သင်တန်းသူများအတွက် ရန်ကုန်မြို့သို့လာသော အသွားအပြန်ခရီးစရိတ်များကို နိုင်ငံတော်မှ စီစဉ်ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ ဖုန်းနံပါတ် - ၀၆၇-၄၀၄၂၅၂၊ ၀၆၇-၄၀၄၆၇၆ နှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) ဖုန်းနံပါတ်-၀၁-၉၆၆၁၇၁၂၊ ၀၉-၄၄၈၀၃၅၀၈၀၊ ၀၉-၉၇၂၆၆၁၈၄၀ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## မြို့နယ်ပေါင်းစုံ အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲဖွင့်လှစ်

ပဲခူး ဩဂုတ် ၂၀

၂၀၂၅ ခုနှစ် ပဲခူးတိုင်းဒေသကြီးအမျိုးသမီးအားကစားအဖွဲ့ နာယကဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၉ ရက်နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့ရှောင်လမ်း ဥဿာပြည်သူ့အငှားအိမ်ရာ အနီးရှိတိုင်းဒေသကြီးအားကစားဥယျာဉ် မိုးလုံလေလုံအားကစားရုံ၌ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကကိုယ်စား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ၄ ချက်ရွတ်ဆိုကြပြီး ပဲခူးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်စိုးစိုးသက်၊ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်မြို့နယ်အသင်းများအား လိုက်လံနှုတ်ဆက်ကာ ပြိုင်ပွဲဝင်အသင်းများမှ ကိုးဦးတွဲ အေရိုးဗစ်လေ့ကျင့်ခန်းဖြင့် စုပေါင်းသရုပ်ပြသကြသည်။

အဆိုပါ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား မြို့နယ်ပေါင်းစုံ အမျိုးသမီးကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး အတွင်းရှိမြို့နယ် ၂၈ မြို့နယ်မှ ပြိုင်ပွဲဝင်အသင်း ၂၈ သင်းတို့က တစ်ဦးချင်းပြိုင်ပွဲ၊ သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲနှင့် ကိုးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲများကို ဩဂုတ်လ ၁၉ ရက်မှ ၂၂ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)



## လှာကဒေါင်အင်းအတွင်း ငါးမျိုးများစိုက်ထည့်ပွဲကျင်းပ

ဘားအံ ဩဂုတ် ၂၀

ကရင်ပြည်နယ်အတွင်းရှိ သဘာဝရေပြင်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက်ကောင်ရေ ၅၂၀၀၀၀ ကျော်ကို ငါးမျိုးစိုက်ထည့်ပေးသွားရန် လျာထားဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၁၉ ရက်နံနက်ပိုင်းတွင် ဘားအံမြို့နယ် လှာကဒေါင်ကျေးရွာ လှာကဒေါင်အင်းအတွင်း ငါးခုံးမနှင့်ငါးမြစ်ချင်းငါးမျိုးများ စိုက်ထည့်ပွဲကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပေးရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရှင်သန်ကြီးထွားရန် အကောင်းဆုံးအရွယ်ရှိသော ငါးခုံးမကြီးကောင်ရေ ၆၀၀၀၀ နှင့် ငါးမြစ်ချင်းကောင်ရေ ၆၀၀၀၀ တို့ကို လှာကဒေါင်အင်းအတွင်း ငါးမျိုးစိုက်ထည့်ပေးကြောင်း သိရသည်။

(၄၀၆)

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၈-၂၀၂၅(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် |
| ၃။ | ၁၀:၀၀ | နိုင်ငံတကာသတင်း |
| ၄။ | ၁၁:၀၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၅။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၆။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၇။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၈။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၉။ | ၁၈:၄၀ | ပြည်သူ့ကြားကပြည်သူ့စကား |
| ၁၀။ | ၁၉:၀၀ | **(၃၈)ဖြာမင်္ဂလာ ပူဇာစ ပူဇနေယျာနံ၊ ပတိရူပဒေသဝါသောစ** |

**MWD Variety Channel**

| | | |
|---|---|---|
| ၁။ | ၀၉:၅၅ | သတိမမူ ဂူမမြင် |
| ၂။ | ၁၁:၅၀ | စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူ ထုတ်လုပ်စို့ |
| ၃။ | ၁၆:၁၅ | ကဗျာအလှ ရသလွင်ပြင် |
| ၄။ | ၁၇:၅၀ | အားကစားနည်း သမိုင်းကြောင်း |

## တောင်ပေါ်မြို့လေး

✿ တောင်လေ့ကား ပန်းကမ္ဘာတစ်ထောက်
ရောက်ခဲ့ရပြန်ပေ့ါလေ။
မိုးမြူမှုန်သိမ့်သိမ့်ဖွေး
စိမ့်စိမ့်အေးနေ့။
ကျောက်ကမ်းပါး အမြင့်ကြီးပေ
ကွေ့ကာလေ ပတ်ကာသွား။
ဒုတိယ အင်္ဂလန်မြို့လေးဟု
ရှေးကတင်စား။

✿ "ဘီဒိုမြင်းယာဉ်" ခေါ် ရထားလုံး
မြို့ပတ်ကုံး အနှံ့လည်။
ကန်တော်ကြီးအရောက်သွားလို့
ပွဲကောက်နားမည်။
ချယ်ရီ ဒေလီယာ နေကြာစုံညီ
ခါတော်မီ ယူကလစ်ဖွေး။
စပျစ်လိမ္မော် သလဲ မာလကာနှင့်
သာယာစွာ လွန်သေသပ်
နာနတ်ကမွှေး။

✿ "ရွှေမြင်တင် ဘုရားပွဲ"
"ညံတောပွဲ" "ရှမ်းပွဲ"အလှူ။
ကုသိုလ်ယူ ဒါနအမှု
ပြုကြတစ်မူ။
တံခွန်ကုက္ကား တလူလူနှင့်
မြတ်နိဗ္ဗာန် ဆုပန်ထူ
တောင်ပေါ်သူ တောင်ပေါ်သား။
တိုင်းရင်းသားလူမျိုးစု စုံလင်စွာဖြင့်
အနှစ်သကာ မေတ္တာပွားလို့
ချစ်ကြတကား။

✿ သမိုင်းလက်ကျန် မစိမ်းကား
ထိန်းထားတဲ့ ပြင်ဦးလွင်။
"အမြဲစိမ်းသစ်တော"
"ရွက်ပြတ်တော"
"တောင်ပေါ်တော"
"ထင်းရှူးတော"စုံလင်။
ရှုမဝ စိမ်းစိုလွင်
မြင်မြင်သမျှ စိတ်ကြည်အေး။
အမှန်ပြောလျှင်
သံယောဇဉ် အမျှင်တန်းပါလို့
အေးချမ်းတယ်လေး။ ။

**ရွှေမြိုင်ပြုံးလဲ့မော်**

# တွံတေးမြို့နယ်၌ လူငယ်စကားဝိုင်း ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကျင်းပ

**ရန်ကုန်  ဩဂုတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုဟောပြောပွဲ၊ လူငယ်စကားဝိုင်း၊ ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများကို ဩဂုတ်လ ၁၉ ရက်က ကံဘဲ့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ကံဘဲ့) ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်း (ကံဘဲ့) Grade-11 မှ ကျောင်းသား၊ ကျောင်းသူများက ဘင်ခရာတီးဝိုင်းနှင့်တွဲဖက်ကာ မြန်မာ့ကျောင်းတေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကိုဖွင့်လှစ်သည်။


ယင်းနောက် တွံတေးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းမြင့်၊ တွံတေးခရိုင် ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်စံသာနုတို့က အမှာစကားများပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဦးက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ဦးက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-10 မှ မနန့်အိခိုင်က လူငယ်နှင့်စာပေ၊ မောင်ပြည့်မဏ္ဍိုင်က လူငယ်နှင့်ကျန်းမာရေး၊ မအိမ့်မိမိက လူငယ်နှင့်ယဉ်ကျေးမှု၊ Grade-12 မှ မောင်တိုးဝေယံက လူငယ်နှင့်စာရိတ္တခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အခြေခံပညာ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်မှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ယင်းနောက် ပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ကြပြီး Grade-10 မှ ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်တေးသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေး၊ လူကုန်ကူးမှုအကြောင်း အသိပညာပေးနံရံကပ် ဗီနိုင်းပိုစတာများ၊ စာအုပ်ပြပွဲများ ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**




# မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးစပါးရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် ဓာတ်မြေသြဇာပေးအပ်ပွဲကျင်းပ



**မော်လမြိုင်ကျွန်း  ဩဂုတ် ၂၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ မိုးစပါး ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် မိုးစပါး မျိုးစေ့ထုတ်တောင်သူများအား ဓာတ်မြေသြဇာပေးအပ်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၉ ရက်က မရဲ့အုန်းပင်စုကျေးရွာ အုပ်စု မရဲ့အုန်းပင်စုကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ လပွတ္တာခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အတွင်းရေးမှူး ဦးသိန်းငွေ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မိုးစပါးစိုက်ပျိုးပြီးစီးမှု ထွန်တုံးပိတ်ပွဲ အခမ်းအနားအဖြစ် ကျင်းပသော မရဲ့အုန်းပင်စုကျေးရွာရှိ ကွင်းအမှတ်(၁၁၈၅/ခ) ဦးပိုင်အမှတ်(၁၀/၁) တောင်သူဦးတင်အောင်သန်း၏ လယ်ယာမြေ ၂ ဒသမ ၅ ဧက၌ အောင်နိုင်တိုးစပါးမျိုးစိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက်မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ဓာတ်မြေသြဇာပေးအပ်ပွဲကျင်းပရာ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်/မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က တက်ရောက်လာကြသော တောင်သူများအား ယူရီးယား ဓာတ်မြေသြဇာများ ပေးအပ်ကာ တောင်သူများကိုယ်စား တောင်သူဦးတင်အောင်သန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။ **ရဲကိုမောင်**

# သာယာဝတီမြို့နယ် ကိုးပင်ရိုးကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**သာယာဝတီ  ဩဂုတ် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကိုးပင်ရိုးကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်လ ၂၀ ရက်တွင် တာဝန်ရှိသူများက အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဇော်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်မင်းထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကိုးပင်ရိုးကျေးရွာ၌ ကျေးလက်ရေရရှိရေးအတွက် အနက်ပေ ၃၀၀၊ အကျယ် လေးလက်မခွဲရှိ စက်ရေတွင်း တွင်းနက်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကိုးပင်ရိုးကျေးရွာ၌ အဆိုပါလုပ်ငန်းများကို ယခုဘဏ္ဍာနှစ်ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၄၁ ဒသမ ၉ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအားလုံးရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

# ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်



**ကျောက်ဆည်  ဩဂုတ် ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး အခြေခံစာကြည့်တိုက်ပညာသင်တန်းကို ဩဂုတ်လ ၂၀ ရက်တွင် ကျောက်ဆည်မြို့ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

ဆက်လက်ပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက စာကြည့်တိုက်အမျိုးအစားများအကြောင်း၊ စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး၊ စာစုလုပ်ငန်း၊ စာပြုလုပ်ငန်း၊ မှတ်သားမှုစနစ်၊ ထားသိုမှုစနစ်၊ စာငှားလုပ်ငန်း၊ စာကြည့်တိုက်ပုံမှန်စစ်ဆေးခြင်း၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်သွားရမည့်လုပ်ငန်းစဉ်များ၊ စာကြည့်တိုက်အောင်မြင်ရေး ပြုပြင်ဆောင်ရွက်ရန်အချက်များအကြောင်းကို ပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက စာကြည့်တိုက်များဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ စာကြည့်တိုက်အဓိပ္ပာယ်များအကြောင်းကို သင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းသို့ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်း၊ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းစာကြည့်တိုက်တာဝန်ခံဆရာ၊ ဆရာမများ တက်ရောက်ပြီး ဩဂုတ်လ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်၊ အောင်မြေသာစံမြို့နယ်ရှိ ဘုရားနီနှင့်အရိပ်မထွက်ဘုရား ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး



မန္တလေး ဩဂုတ် ၂၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ရောက်ရှိပြီး သောက်တော်ရေချမ်းနှင့်ပန်းများ ဆက်ကပ်၍ မဟာမုနိဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးနှင့်ခုနစ်ရက်သားသမီးများကလှူဒါန်းထားသော အလှူတော်ငွေနှင့် မဟာမုနိဘုရားကြီးဌာပနာတော်အတွက်ခတ်တော်မွေတော်ကြုတ်များ၊ ဆင်းတုတော်နှင့် ဓမ္မစေတီများကို ဂေါပကအဖွဲ့ထံ လှူဒါန်းသည်။

ထို့နောက် မဟာမုနိဘုရားကြီးအား ရွှေသင်္ကန်းများကပ်လှူပူဇော်ပြီး မဟာမုနိဘုရားကြီးပရိဝုဏ်အတွင်းရှိငလျင်ဒဏ်သင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကာ ဘုံခုနစ်ဆင့်ပြာသာဒ်တွင်တင်လှူပူဇော်မည့် အမှတ်(၁)ပြတိုက်အတွင်းရှိ စိန်ဖူးတော်၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်များ အပူဇော်ခံထားရှိမှုအခြေအနေကို ကြည့်ရှုဖူးမြော်သည်။

ယင်းနောက် မဟာမုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ အစည်းအဝေးခန်းမ၌ ဘုရားကြီးပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအစည်းအဝေးသို့ တက်ရောက်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာကိစ္စရပ်များကို ဩဝါဒဆရာတော်များထံမှဩဝါဒခံယူ၍မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်တို့မှ အင်ဂျင်နီယာပညာရှင်များ၊ ငလျင်ပညာရှင်များ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ ကျွမ်းကျင်သူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန်၊ ဘုရားကြီး၏ သာသနိကအဆောက်အအုံ ကြံ့ခိုင်မှုအပြည့်အဝရှိအောင် အကောင်းဆုံးအရည်အသွေးရှိသော ဆောက်လုပ်ရေးသုံးပစ္စည်းများကိုအသုံးပြုရန်နှင့် နောက်ဆုံးပေါ်နည်းပညာဖြင့် ဆောင်ရွက်သွားရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်အောင်မြေသာစံမြို့နယ်ရှိဘုရားနီဘုရားနှင့် အောင်မြေသာစံမြို့နယ်ရှိ အရိပ်မထွက်စေတီတော်ကြီးသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြန်လည်ပြုပြင်ရာတွင် ဌာပနာထည့်သွင်းရန်အတွက် ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများကလှူဒါန်းထားသော အလှူငွေနှင့် ကြေးဗုဒ္ဓဆင်းတုတော်၊ ခတ်တော်စေတီတော်နှင့် ဓမ္မစေတီများကို ဂေါပကအဖွဲ့ထံ လှူဒါန်းခဲ့ကြောင်း သိရသည်။ မြဝတီ

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းက တံခွန်စိုက်ဒိုင်းဆုရရှိ

နေပြည်တော် ဩဂုတ် ၂၀

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိတ္ထီလာ တပ်နယ်ရှိ တပ်နယ်အားကစားခန်းမ၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နှင့်မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမား များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စခန်းမှူးရုံးကိုယ်စားပြုအသင်း တို့၏ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစား အလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့်တံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများက တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက်ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ ပြိုင်ပွဲဝင်အသင်း ၁၇ သင်းဖြင့် ဩဂုတ်လ ၁၁ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးတိမ်တောင် ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း(အမျိုးသား / အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲတွင် ကျိုင်းတုံတပ်နယ်ကိုယ်စားပြု အမျိုးသား(က)အသင်းနှင့် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)ကိုယ်စားပြု အမျိုးသမီး(ခ)အသင်းတို့ဒိုင်းဆုရရှိ

နေပြည်တော် ဩဂုတ် ၂၀

တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း(အမျိုးသား/ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကျိုင်းတုံတပ်နယ်ကိုယ်စားပြုအမျိုးသား(က)အသင်းနှင့် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)ကိုယ်စားပြု အမျိုးသမီး(ခ) အသင်းတို့က အနိုင်ရရှိခဲ့ကြပြီး ဒိုင်းဆုများ အသီးသီးရရှိခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ တိုင်းမှူးဒိုင်း(အမျိုးသား/ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များတက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် အမျိုးသားဗိုလ်လုပွဲစဉ်တွင် ကျိုင်းတုံတပ်နယ် ကိုယ်စားပြု(က)အသင်းနှင့် ကျိုင်းတုံတပ်နယ်ကိုယ်စားပြု(ခ)အသင်း၊ အမျိုးသမီးဗိုလ်လုပွဲစဉ်တွင် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)ကိုယ်စားပြု(ခ)အသင်းနှင့် ကျိုင်းတုံတပ်နယ်ကိုယ်စားပြု(က)အသင်း တို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက တစ်ဦးချင်းအကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိခဲ့သည့် ကျိုင်းတုံတပ်နယ်ကိုယ်စားပြု အမျိုးသား(က)အသင်းနှင့် တိုင်းစစ်ဌာနချုပ်(စခန်းရုံး)ကိုယ်စားပြု အမျိုးသမီး(ခ)အသင်းတို့အား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင် ဒိုင်းဆုရရှိသည့် ကျိုင်းတုံတပ်နယ်ကိုယ်စားပြု အမျိုးသား(က) အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

# သက်တမ်းရင့်ရေနံမြေများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမြှင့်တင်ရေး လုပ်ငန်းများအား ကျယ်ပြန့်စွာစီမံခန့်ခွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၂၀

သက်တမ်းရင့်ရေနံမြေများတွင်ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုမြှင့်တင်ရေးလုပ်ငန်းများအား ကျယ်ပြန့်စွာစီမံခန့်ခွဲခြင်း(Comprehensive Management of Oil and Gas Production Enhancement Activities in Mature Oil Fields) ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဝန်ကြီးဌာနအောက်ရှိဦးစီးဌာနနှင့်လုပ်ငန်းများမှ တာဝန်ရှိသူများ၊ ဥပဒေဆိုင်ရာအကြံပေးနှင့် နည်းပညာဆိုင်ရာအကြံပေးပုဂ္ဂိုလ်များ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရေနံမြေများမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာတက္ကသိုလ်များမှ ဆရာ၊ဆရာမများ၊ကျောင်းသား၊ကျောင်းသူများက Online ဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်များသည် ထုတ်လုပ်မှုသက်တမ်း ကြာမြင့်လာသည်နှင့်အမျှ သဘာဝ အလျောက် အထွက်နှုန်းများ သိသာစွာ ကျဆင်းလာနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ လက်ရှိကုန်းတွင်းပိုင်းလုပ်ကွက်များ၏ပျမ်းမျှထုတ်လုပ်မှုသက်တမ်းသည် နှစ် ၅၀ မှ ၆၀ အထိ ကြာမြင့်နေပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်နိုင်ရေး လုပ်ငန်းအစီအမံများ ချမှတ်ဆောင်ရွက်ခဲ့သော်လည်း အခက်အခဲနှင့်စိန်ခေါ်မှု အမျိုးမျိုးကြောင့် တိုးတက်မှုနှုန်းနှေးကွေးပြီး အကျိုးအမြတ်ရရှိမှုနည်းပါးပါကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် အဆိုပါ အခက်အခဲနှင့် စိန်ခေါ်မှုများကို ဖြေရှင်းကျော်လွှားနိုင်မည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ထမ်းဆောင်ဆဲနှင့် အငြိမ်းစားအရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိတက္ကသိုလ်များမှ ရေနံဘူမိဗေဒဘာသာရပ်နှင့်ရေနံအင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ ပါမောက္ခများနှင့် ဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ပြည်တွင်း၊ပြည်ပရေနံကုမ္ပဏီများမှ ကျွမ်းကျင်ပညာရှင်များက သက်တမ်းရင့်ရေနံမြေများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များ တိုးတက်ထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြပြီး ရေနံအင်ဂျင်နီယာဘာသာရပ်တက်ရောက်နေသည့် နောက်ဆုံးနှစ်ကျောင်းသား မောင်ထက်ဦးဝေလွင်က “A Study of Enhanced Oil Recovery Methods” ခေါင်းစဉ်ဖြင့် ပါဝင်ဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပါဝင်ဆွေးနွေးသူများကို ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# နှင်းဆီကုန်းဘိုးဘွားရိပ်သာအား မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ဦးဆောင်သောအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (င)၊ ၄၃ ပြဋ္ဌာန်းချက်များနှင့်အညီ ယနေ့တွင် လူမှုဝန်ထမ်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် စောင့်ရှောက်ထားသော ဘိုးဘွားများကို အခြေခံ လူ့အခွင့်အရေးဖြစ်သော လွတ်လပ်မှု၊ မျှတမှု ရှိ၊ မရှိနှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုကိုအခြေခံ၍ စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ ဆေးရုံဆောင်၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော အဘိုး၊ အဘွားများနှင့် ဓမ္မာရုံတွင် ဝတ်ပြုကိုးကွယ်နေသူ အဘိုး၊ အဘွားများကို သွားရောက်တွေ့ဆုံ၍ ပင်စင်ရအဘိုး၊ အဘွားများအနေဖြင့် ပင်စင်လစာထုတ်ယူမှုအဆင်ပြေခြင်း ရှိ၊ မရှိ အခြေအနေနှင့် အသက် ၈၅ နှစ် ပြည့်ပြီးသော သက်ကြီး အဘိုး၊ အဘွားများကို လူမှုရေးပင်စင်ထောက်ပံ့ကြေးရရှိရေး ဆောင်ရွက်ပေးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင်ရိပ်သာတွင်ပြုစုစောင့်ရှောက်ထားသည့် ဘိုးဘွားများ၏ ကာယသုခ၊ စိတ္တသုခ ပြည့်ဝစေပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးရရှိရေး စီစဉ်ဆောင်ရွက်ပေးထားမှုများကို ကြည့်ရှုမေးမြန်းခဲ့ပြီး ကော်မရှင်ဥက္ကဋ္ဌက ရိပ်သာ၌လက်ခံစောင့်ရှောက်ထားသော အဘိုး၊ အဘွား စုစုပေါင်း ၁၂၇ ဦးကို နွေးထွေးပျူငှာစွာ အားပေးစကား ပြောကြားသည်။

အဆိုပါအဖွဲ့၏ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့်အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# (၄၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပ

နေပြည်တော် ဩဂုတ် ၂၀

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် (၄၆)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိကြီးများ အထူးအစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးကိုဩဂုတ်လ ၁၉ ရက်မှ ၂၀ ရက်အထိ အွန်လိုင်းစနစ်ဖြင့် ကျင်းပခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာသန္တာကြည်က သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်သည်။







အစည်းအဝေး ပထမနေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ တီမောလက်စ်တေနိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် CGIAR၊ CPOPC၊ CSIRO၊ ERIA၊ GIZ၊ TAF GTEI၊ FAO၊ GHD and Boeing၊ Sattva Consulting၊ SCeNe Coalition၊ Singapore Crawfish၊ SEAFDEC နှင့် US-ABC တို့မှ ကိုယ်စားလှယ်များ ၊ ဆက်စပ်ဝန်ကြီးဌာနဖြစ်သည့်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးဖွင့်ပွဲတွင် SOM-AMAF Leader ဖြစ်သူ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးများမှထွက်ပေါ်လာသည့်ရလဒ်များ၊ စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးများမှ ထွက်ပေါ်လာသည့်ရလဒ်များ၊ ကဏ္ဍအလိုက် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို တင်ပြရာတွင် စားရေရိက္ခာကဏ္ဍမှ ကျင်းပသည့်အစည်းအဝေးလေးခု၊စိုက်ပျိုးရေးကဏ္ဍမှ ခြောက်ခု၊ စိုက်ပျိုးရေးနှင့် သစ်တောထွက်ကုန်များကဏ္ဍမှတစ်ခုနှင့် သစ်တောကဏ္ဍမှ တစ်ခုတို့၏အစည်းအဝေးအစီရင်ခံစာများကို ဆွေးနွေးကြပြီး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍဆိုင်ရာ လုပ်ငန်းရပ် ၂၃ ခုကို (၄၇)ကြိမ်မြောက် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများအစည်းအဝေးတွင် အတည်ပြုရန်နှင့် လုပ်ငန်း(၇)ရပ်ကို မှတ်တမ်းတင်ရန် ဆွေးနွေးသဘောတူကြသည်။

ဆက်လက်၍ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် CGIAR မှ ASEAN-One CGIAR Program ၏ဖြစ်ပေါ်တိုးတက်မှုများ၊ CPOPC မှ ဥရောပသမဂ္ဂ၏ သစ်တောပြုန်းတီးမှု တားဆီးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ အကောင်အထည်ဖော်ခြင်း၊ CSIRO မှ အာဆီယံ-ဩစတြေးလျ ဇီဝကာကွယ်ရေးသုတေသနလုပ်ငန်းများ၊ ERIA မှ စိုက်ပျိုးရေး စားရေရိက္ခာစနစ်များ၊ စိုက်ပျိုးရေးကဏ္ဍတွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် အာဆီယံဒေသတွင်း စားရေရိက္ခာ ဖူလုံရေးဆိုင်ရာလုပ်ငန်းများ၊ GIZ မှ ရေရှည်တည်တံ့စေသည့် ကောက်ရိုးအသုံးပြုသည့်စီမံကိန်းမှ ထွက်ပေါ်လာသည့် ရလဒ်များ၊ စိမ်းလန်းသော ဥရောပအဖွဲ့ လှုပ်ရှားဆောင်ရွက်မှုအစီအစဉ်အတွက် နည်းပညာအကူအညီပေးရေး အထောက်အကူပြုအဖွဲ့မှ စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံမီးရှို့မှုလျှော့ချရေးနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးတို့အတွက် ကနဦးဆောင်ရွက်မှုများ၊ FAO မှ ရေရှည်တည်တံ့သော စိုက်ပျိုးရေးအတွက် အာဆီယံဒေသတွင်းရေရှည်တည်တံ့သောဘဏ္ဍာရေးစနစ် (ASEAN Green Bond) ဆိုင်ရာ ကနဦးဆောင်ရွက်မှုများ၊ GHD and Boeing မှ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများမှ ရေရှည်တည်တံ့သော လေယာဉ်ဆီထုတ်လုပ်ခြင်း၊ Sattva Consulting အဖွဲ့မှ အာဆီယံဒေသတွင်း ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေသည့် စီးပွားရေးပုံစံများ၊ SCeNe Coalition မှ သဘာဝအခြေခံဖြေရှင်းနည်းများ၊ Singapore Crawfish မှ ကျောက်ပုစွန်များကို ရေရှည်တည်တံ့စွာမွေးမြူခြင်း၊ SEAFDEC မှ အာဆီယံဒေသတွင်း ငါးရှဥ့်မွေးမြူခြင်း၏ ရေရှည်တည်တံ့စေမည့် နည်းပညာစီမံခန့်ခွဲမှုများ၊ US -ASEAN Business Council မှအာဆီယံဒေသတွင်းအလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှုများကို အတူတကွ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး စားရေရိက္ခာ၊ စိုက်ပျိုးရေးနှင့် သစ်တောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကတိကဝတ်ပြုခဲ့ကြသည်။

(၂၄)ကြိမ်မြောက် အာဆီယံအပေါင်းသုံး လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများအစည်းအဝေး၏ အဆင့်မြင့် အရာရှိများ အထူးအစည်းအဝေးနှင့်(၁၀)ကြိမ်မြောက် အာဆီယံ-ရုရှား လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အစည်းအဝေး၏ အဆင့်မြင့်အရာရှိများ အစည်းအဝေးများကို ဩဂုတ်လ ၂၀ ရက်တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။


မြဝတီ

# နို့စားနွားမွေးမြူရေးလုပ်ငန်း၏စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ

နို့သည် ကယ်လ်စီယမ်၊ ပရိုတင်း၊ ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝသော အာဟာရတစ်မျိုးဖြစ်ပြီး လူသားများအပါအဝင် နို့တိုက်သတ္တဝါများသည် မွေးဖွားစဉ်ကတည်းက မိခင်၏နို့နှင့် ရှင်သန်ရပ်တည်ကြသည်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာရေးအဆင့်သည် နို့သောက်သုံးခြင်းပမာဏအပေါ်တွင် များစွာမူတည်နေသည်။ နို့သောက်သုံးခြင်းသည် အရိုးနှင့်သွားများကိုသန်မာစေပြီး ကြီးထွားဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့်အတွက် နို့ကိုနေ့စဉ်သောက်သုံးရန် လိုအပ်လှသည်။ မြန်မာနိုင်ငံသည် နို့စားနွားမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်သင့်လျော်သော ရေမြေရာသီဥတုအခြေအနေများလည်းရှိနေသည်။ နို့စားနွားမွေးမြူရေးလုပ်ငန်းသည် မြန်မာနိုင်ငံအတွက် အာဟာရပြည့်ဝသော နို့နှင့်နို့ထွက်ပစ္စည်းများထုတ်လုပ်ပေးနိုင်သည့် အရေးပါသောလုပ်ငန်းတစ်ခုဖြစ်သည်။ သို့သော်လည်း ဤလုပ်ငန်းသည် စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်နေရသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံအတွင်းရှိ ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံစေရန်၊ ပြည်သူများကျန်းမာပြီး အာဟာရပြည့်ဝစေရန်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးတောင်သူများ လူနေမှုအဆင့်အတန်းမြင့်မားစေရန်ရည်ရွယ်၍ မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် အဓိကထားဆောင်ရွက်လျက်ရှိသည်။

**မြန်မာနိုင်ငံ၏နို့စားနွားမွေးမြူရေးနှင့်**
**နို့၊ နို့ထွက်ပစ္စည်းထုတ်လုပ်မှုအခြေအနေ**

၂၀၂၃ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း အစီရင်ခံစာအရ တစ်နိုင်ငံလုံးအနေဖြင့် စုစုပေါင်း နို့စားနွားကောင်ရေ ၇၂၂၄၄ ကောင်ရှိပြီး အများစုမှာ နို့ပေးနွားမများဖြစ်ကြသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စုစုပေါင်းနို့စားနွားကောင်ရေ၏ ၅၅ ရာခိုင်နှုန်းကိုမွေးမြူကြသည်။ နို့စားနွားကောင်ရေ ၇၂၂၄၄ မှ နို့နှင့် နို့ထွက်ပစ္စည်း တစ်ရက်တန်ချိန် ၂၅၀ ခန့်ထွက်ပြီး တစ်နှစ်တန်ချိန် ၇၆၀၀၀ ကျော်ခန့် ပျမ်းမျှထုတ်လုပ်နိုင်သည်။ နို့စားနွားအပြင် ဒေသနွား၊ နို့စားကျွဲများမှ နို့ညှစ်သော အလေ့အကျင့်လည်းရှိသဖြင့် နို့စားနွား၊ ဒေသနွား၊ နို့စားကျွဲများမှ စုစုပေါင်းနို့ထုတ်လုပ်မှု တန်ချိန် ၁၄၀၀၀၀ ကျော် ထုတ်လုပ်နိုင်သည်။ မြန်မာနိုင်ငံ၏ နို့စားနွားမွေးမြူရေးတွင် တစ်နိုင်တစ်ပိုင် မွေးမြူခြင်းနှင့် စီးပွားဖြစ်မွေးမြူခြင်းဟူ၍ နှစ်မျိုးရှိသည်။ တစ်နိုင်တစ်ပိုင် မွေးမြူခြင်းတွင် မြက်ခြောက်(Hay)နှင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သော ပဲရိုး၊ ပြောင်းရိုး၊ နှမ်းရိုး(Groundnut Residue)၊ ကောက်ရိုး(Straws) များကျွေးမွေးပြီး နို့ပေးချိန်တွင်သာ အစာနု (Concentrates) ဖြစ်သော ပြောင်းဖူးစေ့(Maize)၊ ပြောင်းဖူးဖွဲ (Maize bran)၊ ဆန်ဖွဲ(Rice bran)၊ နံ့စားပြောင်း (Sorghum)၊နှမ်းဖတ်/ပဲဖတ် (Sesame cake/Groundnut cake)စသည်တို့ကို ဖြည့်စွက်ကျွေးမွေး၏။ ထုတ်လုပ်စရိတ်၊ လုပ်အားခများ လျော့နည်းသက်သာသော်လည်း ထိရောက်သော အကျိုးအမြတ်မရရှိပါ။




တိုင်းဒေသကြီး/ပြည်နယ်တွင် မွေးမြူထားသော နို့စားနွားကောင်ရေ
(၂၀၂၃ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းအစီရင်ခံစာမှ)

စီးပွားဖြစ်နို့စားနွားမွေးမြူရေးတွင် အစာကြမ်း၊ အစာနုများ စသော ဖြည့်စွက်စာသွင်းအားစုများကို ဝယ်ယူကျွေးမွေးကြသည်။ အစာကုန်ကျစရိတ်သည် တစ်နိုင်တစ်ပိုင်မွေးမြူခြင်းထက် ပိုမိုကုန်ကျသော်လည်း နို့ထွက်နှုန်းကောင်းမွန်ကာ သိသာထင်ရှားသော အကျိုးအမြတ်ကိုရရှိသည်။

ထို့ပြင် နို့စားနွားမွေးမြူခြင်းတွင် စီးပွားဖြစ်၊ အလယ်အလတ်နှင့် တစ်နိုင်တစ်ပိုင် မွေးမြူခြင်းရှိရာ နို့ညှစ်စနစ်သည်လည်း ကွဲပြားသွားသည်။ စက်ဖြင့်နို့ညှစ်ခြင်းကို စီးပွားဖြစ်နှင့် အလတ်စားနို့စားနွားမွေးမြူရေးလုပ်ငန်းတွင်အတွေ့ရများပြီး လက်ဖြင့်နို့ညှစ်ခြင်းကို စီးပွားဖြစ်၊ အလတ်စားနှင့်တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းအားလုံးတွင် တွေ့ရသည်။ ရရှိလာသောနို့၏အရည်အသွေးသည် နို့ကောက်စနစ်အပေါ်တွင်လည်း များစွာမှီခိုနေသည်။ ပျမ်းမျှအားဖြင့် နို့ကောက်စနစ်သုံးမျိုးရှိသည်။


- နို့ကောက်စခန်း သို့မဟုတ် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သောနေရာသို့ တိုက်ရိုက်ပို့ခြင်း၊
- နို့ကောက်စခန်း သို့မဟုတ် နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်သောနေရာမှလူငှားပြီး နို့စုဆောင်းစေခြင်း၊
- နို့ကုန်သည်၊ နို့ပွဲစားများမှ နို့လိုက်ကောက်ပြီး နို့ကောက်စခန်း သို့မဟုတ် နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်သောနေရာသို့ တင်သွင်းခြင်း။

ရရှိလာသော နို့များကိုအသုံးချရာတွင် စီးပွားဖြစ်နို့စားနွားမွေးမြူရေးခြံများသည် နို့ Value-added products များဖြစ်သောနို့ထွက်ပစ္စည်းများ ဒိန်ချဉ် (Yogurt)၊ ထောပတ် (Butter)၊ နို့မှုန့် (Milk Powder)၊ နို့ဆီ (Sweetened Beverage Creamer)၊ နို့ပူတင်း (Milk Pudding)၊ မလိုင်လုံး (Milk Fudge )နှင့် နို့ယို (Milk Toffee) စသည်တို့ကို တိုက်ရိုက်ထုတ်လုပ်ကြသည်။ နို့ရရှိရန် ကြားခံအဆင့်များမရှိသဖြင့် နို့အရည်အသွေးလတ်ဆတ်မှုရှိနိုင်သည်။ နို့ကောက်စခန်းတွင် နို့ထိန်းသိမ်းနည်းနှစ်မျိုးရှိသည်၊ အအေးပေးစနစ်ဖြင့် ထိန်းသိမ်းခြင်းနှင့် သကြားထည့်၍ နို့ကိုနွေးပြီး ထိန်းသိမ်းနည်းဖြစ်သည်။ မြန်မာနိုင်ငံ နို့စားနွားမွေးမြူရေးလုပ်ငန်း၏ပုံစံသည် ချက်နို့ဆီ (Sweetened Condensed Milk)ထုတ်လုပ်ခြင်းမှသည် တန်ဖိုးမြင့်၍ အရည်အသွေးကောင်းမွန်သော သန့်ရှင်းလတ်ဆတ်သော နို့အေး၊ ဒိန်ချဉ်၊ မလိုင်လုံးစသော နို့ထွက်ပစ္စည်းများကိုထုတ်လုပ်လာနိုင်ပြီဖြစ်သည်။



၁။ သယ်ယူပို့ဆောင်ခြင်း

**နို့ကောက်စခန်းသို့ပို့ဆောင်စဉ် နို့သယ်ပုံးကို လုံခြုံစွာဖုံးအုပ်ထားရမည်။ နို့ကောက်စခန်းသို့ တစ်နာရီအတွင်းအရောက်ပို့နိုင်လျှင် အကောင်းဆုံးဖြစ်သည်။**



၂။ နို့အအေးခံခြင်း

**နို့ညှစ်ချိန်အပြီးတွင် နို့ကို ၃ နာရီအတွင်း ၂ မှ ၄ ဒီဂရီစင်တီဂရိတ်သို့ရောက်အောင် အအေးခံရမည်။ အအေးခံချိန် စောလေ နို့အရည်အသွေးကောင်းမွန်လေဖြစ်သည်။**

**စိန်ခေါ်မှုများ**

**➤ နို့နှင့် နို့ထွက်ပစ္စည်းစားသုံးမှုနည်းပါးခြင်း**

မြန်မာနိုင်ငံတွင် နို့နှင့်နို့ထွက်ပစ္စည်းစားသုံးမှုအခြေအနေသည် အခြားသားငါး၊ ကြက်ဥစားသုံးမှုကဲ့သို့မတွင်ကျယ်လှသေးပါ။ အဓိကအစားအသောက်အနေဖြင့် စားသုံးခြင်းအလေ့အထမရှိသေးပါ။ နို့နှင့်နို့ထွက်ပစ္စည်းပိုမိုစားသုံးနိုင်ရန် နိုင်ငံသားများ၏ ဝင်ငွေဖြင့်လည်းသက်ဆိုင်နေသည်။ နိုင်ငံသားများ ဝင်ငွေကောင်းမှ အာဟာရပြည့်ဝသော၊ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများ ပိုမိုစားသုံးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံသားများ၏ နို့သောက်သုံးမှုသည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် အလွန်နည်းပါးသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က အရွယ်ရောက်ပြီးသူအတွက် တစ်နှစ်လျှင်အနည်းဆုံး နွားနို့ လီတာ ၂၀၀ သောက်သုံးရန် လမ်းညွှန်ထားသည်။ နှိုင်းယှဉ်ဖော်ပြချက်အရ နယူးဇီလန်နိုင်ငံသားတစ်ဦးက တစ်နှစ်လျှင် နွားနို့လီတာ ၂၇၀ သောက်သုံးနေချိန်တွင် မလေးရှားနိုင်ငံသားတစ်ဦးက တစ်နှစ်လျှင် နွားနို့လီတာ ၆၀ ကိုသာသောက်သုံးပြီး မြန်မာနိုင်ငံသားတစ်ဦးကမူ တစ်နှစ်လျှင် နွားနို့ ၁၀ လီတာသာသောက်သုံးသည်ကိုတွေ့ရသည့်အတွက် မြန်မာနိုင်ငံသားများအနေဖြင့် နွားနို့သောက်သုံးမှုပမာဏမှာ လွန်စွာနည်းပါးနေသည်။ စစ်တမ်းများအရ လူဦးရေ ၄၀၀၀၀ ကျော်တွင် ၉၄၇၀ ဦးသာ နို့သောက်သုံးမှုရှိသည်။ နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သလို နို့သောက်သုံးမှုအလေ့အထ ပိုမိုတိုးလာရန်လည်းလိုအပ်နေသည်။ ငယ်စဉ်ကတည်းက နို့သောက်တတ်သည့်အကျင့်ကို မွေးမြူပေးသင့်ပေသည်။

**➤ မွေးမြူရေးစနစ် အားနည်းခြင်း**

မြန်မာနိုင်ငံ၏ နို့စားနွားမွေးမြူရေးလုပ်ငန်းသည် များသောအားဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးကို အခြေခံထားသဖြင့် နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခက်အခဲတစ်ခုဖြစ်လာစေသည်။ တစ်နိုင်တစ်ပိုင်မွေးမြူသူများသည် နည်းပညာနှင့် အရင်းအနှီးအကန့်အသတ်ရှိသောကြောင့် စနစ်တကျမွေးမြူနိုင်ခြင်းမရှိပါ။ နွားအစာ၊ ရောဂါကာကွယ်ရေးနှင့် နို့အရည်အသွေးထိန်းသိမ်းရေးတို့တွင် အားနည်းချက်များရှိနေသည်။ နို့စားနွားမွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာများအသုံးပြုမှုနည်းပါးခြင်း၊ မျိုးရိုးဗီဇကောင်းမွန်သော နွားမျိုးများမွေးမြူမှုအားနည်းခြင်း၊ နို့ညှစ်စနစ်၊ နို့ထိန်းသိမ်းစနစ်နှင့် ရောဂါကာကွယ်ရေးတို့တွင် ခေတ်မီနည်းပညာများအသုံးပြုမှုနည်းပါးခြင်းများရှိနေနိုင်သည်။ တစ်နိုင်တစ်ပိုင်မွေးသော နို့စားနွားမွေးမြူသူများသည် နို့မညှစ်ကြပေ။ တစ်နိုင်တစ်ပိုင်နို့စားနွားမွေးမြူရေးခြံမှ နို့ကောက်စခန်း သို့မဟုတ် နို့ထွက်ပစ္စည်းထုတ်လုပ်သောစက်ရုံသို့နို့ရောက်ရှိရန် ကြားခံစနစ်များလာသည်။ နို့ညှစ်သမား၊ နို့ကုန်သည်အစရှိသော ကြားခံစနစ်များကြောင့် နို့စားနွားမွေးသော တောင်သူများအနေဖြင့် နို့ဈေးကို ထိုက်သင့်သလောက်မရရှိကြသလို ကြားခံအဆင့်များကြောင့် နို့သည် ခြံမှစက်ရုံသို့ရောက်ရှိရန် အချိန်ကြာလာသည်။ ထိုသို့ အချိန်ကြာလာသည်နှင့်အမျှ နို့အရည်အသွေးကျဆင်းလာသည်။ မြို့ပြဧရိယာကျယ်ပြန့်လာ၍ လူနေထူထပ်လာသည်နှင့်အမျှ ခြံမှထွက်သော အညစ်အကြေး၊ အနံ့အသက်များကြောင့် မွေးမြူ၍အဆင်မပြေသဖြင့် အခြားစီးပွားရေးလုပ်ငန်းများသို့ အသွင်ကူးပြောင်းသွားခြင်းများသည်လည်း နို့စားနွားမွေးမြူဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားတစ်ခုဖြစ်သည်။

**➤ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်းနှင့် စားကျက်စိုက်ပျိုးမှု**

မွေးမြူရေးလုပ်ငန်းတစ်ခုတွင် ကုန်ကျစရိတ်၏ ၆၅ ရာခိုင်နှုန်းမှာ အစာစရိတ်ဖြစ်သည်။ အစာကုန်ကျစရိတ်၏ ၆၅ ရာခိုင်နှုန်းထက်လျှော့ချနိုင်မှသာ အောင်မြင်သောမွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်လာမည်။ နို့စားနွားမွေးမြူရေးတွင်စားကျက်စိုက်ပျိုးရေးသည် မရှိမဖြစ်လိုအပ်သည်။ နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရန် မျိုးရိုးဗီဇမြှင့်တင်ရုံသာမက အရည်အသွေးကောင်းမွန်သောအစာများကိုလည်း ကျွေးမွေးရမည်။ မြန်မာနိုင်ငံတွင် လက်ရှိမွေးမြူသူများ၏ နွားစာများမှာ ကောက်ရိုး/ ပြောင်းရိုးနှင့် အစာနု(စေ့ဖတ်၊ ဖွဲနု၊ ပြောင်းမှုန့်၊ ပဲမှုန့်)တို့ဖြစ်သည်။ အစာကြမ်းနှင့် အစာနုဈေးနှုန်းမြင့်တက်ခြင်းကြောင့်

**စာမျက်နှာ ၁၄ သို့ ●**

● စာမျက်နှာ ၁၃ မှအဆက်

မွေးမြူသူများ တိရစ္ဆာန်လိုအပ်ချက်ပြည့်မီအောင် ကျွေးမွေးနိုင်ခြင်းမရှိသောကြောင့် အကျိုးအမြတ် လွန်စွာနည်းပါးခဲ့ကြသည်။ ထို့ကြောင့် အစာနုကို အခြေပြုမွေးမြူသောစနစ်ကိုအသုံးမပြုဘဲ အာဟာရ တန်ဖိုးသင့်သော အစာကြမ်း(Roughages)ကို အခြေပြုကျွေးမွေးသောစနစ်သို့ ပြောင်းလဲမွေးမြူရန် လိုအပ်လာသည်။ စားကျက်တစ်ဧကတွင် နို့စားနွား ၂-၄ ကောင်အတွက် တစ်နှစ်စာ အစာဖူလုံမှုရှိသည်။ မြန်မာနိုင်ငံတွင် စားကျက်စိုက်ဧက ၆၀၀၀ ကျော် သာရှိပြီး နို့စားနွား ၇၀၀၀၀ ကျော်အတွက် စားကျက် စိုက်ပျိုးမှု ဧကများစွာလိုအပ်နေသည်။ စိုက်ပျိုး မြေမရှိသော နို့စားနွားမွေးမြူသူများအတွက် စိုက်ပျိုး ရေးစွန့်ပစ်ပစ္စည်းများမှ အရည်အသွေးကောင်းမွန် သောအစာကြမ်းများ မြေပဲရိုး၊ နှမ်းရိုး(Groundnut Residue)နှင့် ပဲမှော်များ(မတ်ပဲမှော်၊ ပဲစင်းငုံမှော်၊ ကုလားပဲမှော်၊ ပဲလွမ်းမှော်၊ ပဲတီစိမ်းမှော်) အစရှိသည်တို့ကိုအသုံးပြုနိုင်သည်။ ပဲမျိုးစုံအခွံ (Husk) ကို ဖြည့်စွက်ကျွေးမွေးနိုင်သကဲ့သို့ ပေါ်များစွာ ရရှိနိုင်သော ကောက်ရိုးကိုလည်း အာဟာရတန်ဖိုး မြင့်တက်အောင် ကောက်ရိုးချဉ်ဖတ်ပြုလုပ်ပြီး ကျွေးမွေးနိုင်သည်။ သာမန်ကောက်ရိုးတွင် အာဟာရ ဓာတ်လွန်စွာနည်းပါးသဖြင့် မူလအတိုင်းကျွေးမွေး လျှင် ထုတ်လုပ်မှုစွမ်းရည်မတိုးတက်သဖြင့် ကောက်ရိုးကို ယူရီးယားပုလဲဓာတ်မြေဩဇာဖြင့် ပြုပြင်ကျွေးမွေးသင့်သည်။

**➤ ကျွမ်းကျင်လုပ်သားရှားပါးခြင်း**

လူ့စွမ်းအားအရင်းအမြစ်နှင့် ပတ်သက်၍ ဆောင်ရွက်ရာတွင် ကျွမ်းကျင်ပညာရှင်အဆင့်များကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှမွေးထုတ်ပေး လျက်ရှိသည်။ နို့စားနွားမွေးမြူခြင်းနှင့်ပတ်သက် သောကျွမ်းကျင်သူများကို မွေးထုတ်ပေးရန်လိုအပ် သည်။ နို့စားနွားခြံရှိ လုပ်သားများအားနို့စားနွား နှင့်ပတ်သက်သော ဗဟုသုတများရှိစေရန်နှင့် လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် သင်တန်းများပေးရန် လိုအပ်သည်။ ကျွမ်းကျင်လုပ်သားများတွင် သင်တန်း ဟူ၍မရှိဘဲ လက်ဆင့်ကမ်းပြီး သင်ကြားရသည့် အတွက် ကျွမ်းကျင်လုပ်သားရှားပါးမှုကလည်း အခက်အခဲတစ်ခုဖြစ်သည်။ ကျွမ်းကျင်သောနို့စား နွားမွေးမြူသူလုပ်သားများရရှိရန် လေ့ကျင့်သင်ကြား ပေးရန်လိုသည်။ လက်တွေ့အောင်မြင်နေသော နို့စားနွားမွေးမြူသူများ၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ် လုပ်သောလုပ်ငန်းရှင်များထံမှ သင်ယူခြင်းကို ပိုမို လက်ခံနိုင်ဖွယ်ရှိသဖြင့် လစဉ် Farmer Meeting လုပ်ပေးသင့်သည်။

**➤ နို့နှင့်နို့ထွက်ပစ္စည်းဈေးကွက်အားနည်းခြင်း**

နွားနို့ဈေးကွက်ခိုင်မာစေရန် နို့နှင့်နို့ထွက်ပစ္စည်း ထုတ်လုပ်မှုအရည်အသွေးကို ယခုလက်ရှိထုတ်လုပ် နေမှုထက် ပိုမိုကောင်းမွန်အောင်ထုတ်လုပ်နိုင်မည် ဆိုပါက ပြည်ပမှတင်သွင်းလာသော နို့နှင့်နို့ထွက် ပစ္စည်း အရည်အသွေးချင်းယှဉ်ပြိုင်နိုင်မည်ဖြစ် သည်။ ဥပမာ Walco အသင့်သောက်နွားနို့သည် ပြည်ပမှတင်သွင်းသော နွားနို့ကိုယှဉ်ပြိုင်နိုင်ပြီး စားသုံးသူများနှစ်သက်ကြသည်။ Walco ကဲ့သို့ထုတ် လုပ်နိုင်ပါက ပြည်ပမှတင်သွင်းနေသော နို့နှင့်နို့ထွက် ပစ္စည်းတင်သွင်းမှုကိုလျှော့ချနိုင်ပြီး ပြည်ပသို့ ထွက်နေသော ငွေများကိုတားဆီးနိုင်မည်ဖြစ်သည်။ အသင့်သောက် နွားနို့သာမက နို့ဆီ၊ နို့မှုန့်၊ ဒိန်ချဉ်၊ ဒိန်ခဲ စသောနို့ထွက်ပစ္စည်းများကိုလည်း ပိုမို ထုတ်လုပ်နိုင်အောင် ကြိုးစားရမည်ဖြစ်သည်။ ထို့ပြင် ထုတ်လုပ်လိုက်သော နို့နှင့်နို့ထွက်ပစ္စည်းများကို ကြာရှည်စွာထိန်းသိမ်းနိုင်ပြီး ရောင်းချနိုင်ရန်နှင့် စားသုံးသူများဘက်ကလည်း ဝယ်ယူပြီးသား နို့နှင့်နို့ထွက်ပစ္စည်းများကို အချိန်ကြာရှည်စွာ ထိန်းသိမ်းစားသုံးနိုင်အောင်လည်း ဆောင်ရွက်ပေး ရမည်ဖြစ်သည်။ နို့နှင့်နို့ထွက်ပစ္စည်းဈေးကွက် ခိုင်မာရေးအတွက် ငယ်စဉ်ကတည်းက နို့သောက် သုံးမှုအလေ့အကျင့်ရရှိစေရန်၂၀၁၂-၂၀၁၃ မှ စတင် ခဲ့သော School Milk Program ကို ပြန်လည်အကောင် အထည်ဖော်သင့်သည်။ အရည်အသွေးမြင့်သော နို့နှင့်နို့ထွက်ပစ္စည်းရရှိရန် နို့အရည်အသွေးကုန်ကြမ်း လတ်ဆတ်ရန်လိုသည်။ အရည်အသွေးမြင့် နို့ရအောင် ဆောင်ရွက်ရာတွင် လိုအပ်သောနည်းပညာ၊ လိုအပ် သောရင်းနှီးမြှုပ်နှံမှုများရှိရန်လိုသည်။ လတ်ဆတ် သောနို့ရရန် သုံးစွဲနေသောနို့ပုံးများမှအစ သန့်ရှင်း ရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်လိုသည်။ နို့ကောက် နို့သိမ်းရာတွင် အအေးချစနစ်ဖြင့် ကောက်သိမ်းရန်လိုသည်။ ထိုသို့ဖြစ်ရန် ရင်းနှီးမြှုပ်နှံမှု များထည့်ဝင်ရမည်ဖြစ်သည်။ လွန်ခဲ့သော ဆယ်စုနှစ် များစွာမှပျောက်ကွယ်သွားခဲ့သော နို့ဆီစားသုံးမှုကို ပြန်လည်မြင့်တက်အောင် ပြုလုပ်နိုင်မည်ဆိုပါက နို့ဆီဈေးကွက် ပြန်ရရှိနိုင်ဖွယ်ရှိသည်။

**➤ ရောဂါများ**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းရှိ နို့စားနွား မွေးမြူရေးလုပ်ငန်းကိုစိန်ခေါ်နေသော အဓိကရောဂါ များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၁။ ခွာနာလျှာနာရောဂါ**
**(Foot and Mouth Disease – FMD)**

- **အဓိကလက္ခဏာများ –** ပါးစပ်၊ ခြေထောက် နှင့် နို့သီးခေါင်းများတွင် ရေကြည်ဖုများ ပေါက်ခြင်း၊ အစားစားချင်စိတ်လျော့နည်းခြင်း၊ အားနည်းခြင်း၊ နို့ထွက်နှုန်းကျဆင်းခြင်း။
- **ပျံ့နှံ့ပုံ –** ဗိုင်းရပ်ပိုးကြောင့်ဖြစ်ပြီး တိရစ္ဆာန် အချင်းချင်းထိတွေ့ခြင်း၊ ရောဂါပိုးပါဝင်သော အစာ၊ ရေနှင့် ပစ္စည်းကိရိယာများမှတစ်ဆင့် ပျံ့နှံ့သည်။
- **ဆိုးကျိုးများ –** ထုတ်လုပ်မှုစရိတ်မြင့်တက် ခြင်း၊ နို့ထွက်နှုန်းကျဆင်းခြင်း၊ တိရစ္ဆာန် သေဆုံးမှုများဖြစ်ပေါ်ခြင်း၊ နိုင်ငံတကာ ကုန်သွယ်မှုကန့်သတ်ခံရခြင်း။

**၂။ နို့အုံရောင်ရောဂါ (Mastitis)**

- **အဓိကလက္ခဏာများ –** နို့အုံရောင်ရမ်းခြင်း၊ နာကျင်ခြင်း၊ အပူချိန်မြင့်ခြင်း၊ နို့အရည် အရောင်ပြောင်းခြင်း၊ နို့ထွက်နှုန်းလျော့နည်း ခြင်း။
- **ပျံ့နှံ့ပုံ –** ဗက်တီးရီးယားပိုးများကြောင့်ဖြစ်ပြီး နို့ညှစ်စဉ်သန့်ရှင်းမှုအားနည်းခြင်း၊ နို့အုံထိခိုက် ဒဏ်ရာရခြင်းများမှတစ်ဆင့်ပျံ့နှံ့သည်။
- **ဆိုးကျိုးများ –** နို့အရည်အသွေးကျဆင်းခြင်း၊ နို့ထုတ်လုပ်မှုလျော့နည်းခြင်း၊ ကုသစရိတ် မြင့်တက်ခြင်း၊ နွားမများဖယ်ရှားပစ်ရခြင်း။

**၃။ ကူးစက်တတ်သော ကိုယ်ဝန်ပျက်ကျရောဂါ**
**(Brucellosis)**

- **အဓိကလက္ခဏာများ –** ကိုယ်ဝန်ဆောင်နွားမ များတွင်ကိုယ်ဝန်ပျက်ကျခြင်း၊ အဆစ်အမျက် များရောင်ရမ်းခြင်း၊ အားနည်းခြင်း။
- **ပျံ့နှံ့ပုံ –** ဗက်တီးရီးယားပိုးကြောင့်ဖြစ်ပြီး ရောဂါပိုးပါဝင်သော အစာ၊ ရေနှင့် တိရစ္ဆာန်၏ အရည်များမှတစ်ဆင့်ပျံ့နှံ့သည်။
- **ဆိုးကျိုးများ –** မွေးဖွားနှုန်း ကျဆင်းခြင်း၊ နို့ထွက်နှုန်းလျော့နည်းခြင်း၊ လူသို့ကူးစက် နိုင်ခြင်း။

**၄။ တီဘီရောဂါ (Tuberculosis – TB)**

- **အဓိကလက္ခဏာများ –** အဆုတ်ရောဂါ လက္ခဏာများ၊ အားနည်းခြင်း၊ ကိုယ် အလေးချိန် လျော့နည်းခြင်း။
- **ပျံ့နှံ့ပုံ –** ဗက်တီးရီးယားပိုးကြောင့်ဖြစ်ပြီး ရောဂါပိုးပါဝင်သော လေ၊ အစာ၊ ရေနှင့် တိရစ္ဆာန်၏ အရည်များမှတစ်ဆင့် ပျံ့နှံ့ သည်။
- **ဆိုးကျိုးများ –** တိရစ္ဆာန်သေဆုံးမှုများဖြစ်ပေါ် ခြင်း၊ လူသို့ကူးစက်နိုင်ခြင်း။

**၅။ အစာအိမ်အူလမ်းကြောင်းရောဂါများ**
**(Gastrointestinal Diseases)**

- **အဓိကလက္ခဏာများ –** ဝမ်းလျှောခြင်း၊ အန်ခြင်း၊ ဗိုက်နာခြင်း၊ အစားမစားခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း။
- **ပျံ့နှံ့ပုံ –** ဗက်တီးရီးယား၊ ဗိုင်းရပ်စ်နှင့် ပရိုတိုဇွာ ပိုးများကြောင့်ဖြစ်ပြီး ရောဂါပိုးပါဝင်သော အစာ၊ ရေနှင့် ပစ္စည်းကိရိယာများမှတစ်ဆင့် ပျံ့နှံ့သည်။
- **ဆိုးကျိုးများ –** အားနည်းခြင်း၊ ကိုယ်အလေးချိန် လျော့နည်းခြင်း၊ နို့ထွက်နှုန်းကျဆင်းခြင်း၊ တိရစ္ဆာန်သေဆုံးမှုများဖြစ်ပေါ်ခြင်း။

ဤရောဂါများသည် နို့စားနွားမွေးမြူရေးလုပ်ငန်း အတွက် ကြီးမားသောစိန်ခေါ်မှုများဖြစ်သောကြောင့် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးကို အထူးဂရုပြု ဆောင်ရွက်ရန်လိုအပ်သည်။ ရောဂါများမဖြစ်အောင် ကာကွယ်နိုင်မှသာ ထုတ်လုပ်မှုကုန်ကျစရိတ်လျော့ နည်းပြီး မကုန်သင့်တာတွေ မကုန်ရအောင် စီမံ ဆောင်ရွက်နိုင်မှသာ အကျိုးအမြတ်များသော မွေးမြူရေးဖြစ်လာပေမည်။

**➤ နို့စားနွားမွေးမြူရေးအတွက်အရေးပါသော နွားငယ်လေးပြုစုစောင့်ရှောက်မှု**

စီးပွားဖြစ်နို့စားနွားမွေးမြူရေးသည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေရမည်ဖြစ်သော Sustainable Development လုပ်ငန်းအမျိုးအစားတွင်ပါဝင်သဖြင့် နို့စားနွားမနေရာတွင် နောင်တစ်ချိန်အစားထိုးမည့် နွားငယ်လေးပြုစုစောင့်ရှောက်ခြင်းသည်လည်း များစွာအရေးပါလှသည်။ မွေးပြီးပြီးချင်း နို့စား နွားငယ်လေး၏ ခန္ဓာကိုယ်အလေးချိန်သိရှိရန်လို သည်။ နို့စားနွားမွေးမြူရေး၊ နို့နှင့်နို့ထွက်ပစ္စည်း လုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းများဖြစ်သည့် အတွက် ထိုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာရန် စီးပွားရေးအရဆွဲဆောင်မှုရှိသောလုပ်ငန်းများ အဖြစ်သို့ ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများမှသည် နို့စား နွားမွေးမြူသူများ၊ နို့ထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များအထိ အကျိုးရှိစေရန်စဉ်းစားဆောင် ရွက်ကြရန်လိုသည်။ တစ်နိုင်တစ်ပိုင်မွေးမြူသူများ သည် ကိုယ်တိုင်နို့ညှစ်ပြီး နို့ကောက်စခန်းသို့ တိုက်ရိုက်သွင်းနိုင်ပါက နို့အရည်အသွေးမကျဆင်းဘဲ ကောင်းမွန်နိုင်သည့်အပြင် နို့ဈေးပိုရနိုင်သည်။ နို့စားနွားမွေးမြူရေးလုပ်ငန်းအောင်မြင်ပြီး အကျိုး အမြတ်ရရှိရန်အတွက် ရနိုင်သမျှပိုရအောင်လျှော့ချ နိုင်သမျှလျှော့ချရန် ဆောင်ရွက်ရန်လိုသည်။ အစာ ကုန်ကျစရိတ်များလာပါက ဈေးကြီးသောအစာနုကို လျှော့ချပြီး အာဟာရပြည့်ဝသော တိရစ္ဆာန်အစာ ပင်များ စိုက်ပျိုးကျွေးမွေးသင့်သည်။ နို့စားနွား မွေးမြူရေးအောင်မြင်စေရန် မြန်မာပြည်ရာသီဥတု နှင့်ကိုက်ညီသော နို့စားနွားမျိုးဖြစ်ရမည်။ နို့ထုတ် လုပ်မှုအရည်အသွေးသည်လည်း စံချိန်မီရမည်။ နို့စားနွားခြံများတွင် ကျရောက်တတ်သော ရောဂါ များမှလည်း ကြိုတင်ကာကွယ်နိုင်စွမ်းရှိရမည်။ နို့စားနွားမွေးမြူရေးလုပ်ငန်း၏ အစာကုန်ကျစရိတ် လျှော့ချရာတွင် အစာအရည်အသွေးလည်း မလျော့ အောင် ကုန်ကျမှုစရိတ်လည်းသက်သာအောင် ဆောင်ရွက်သင့်သည်။ ထုတ်လုပ်လိုက်သော ထုတ်ကုန်များအတွက် ဈေးကွက်ခိုင်မာရမည်။ စားသုံးသူအကြိုက်ဖြစ်ရမည်။ ပြည်ပသွင်းကုန် အစားထိုးနိုင်သည်အထိ ချိတ်ဆက်ပြီးအဖြေရှာရန် လိုသည်။

**အနာဂတ်နို့စားနွားမွေးမြူရေးအခြေအနေ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနသည် နို့စားနွားမွေးမြူသူများကို နိုင်ငံ့စီးပွား ရန်ပုံငွေဖြင့် ရင်းနှီးမတည်ငွေထုတ်ပေးပြီး နို့စားနွား မွေးမြူရေးဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက် လျက်ရှိသည်။ မြို့ပြဧရိယာကျယ်ပြန့်လာပြီး လူနေ ထူထပ်လာ၍ နွားမွေးမြူရေးခြံများမပျောက်ကွယ် သွားစေရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မွေးမြူရေးဇုန် များ၊ နို့စားနွားမွေးမြူရေးဇုန်များကို အကောင် အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၂၄ ခုနှစ်ဩဂုတ်လ ၆ ရက်တွင် နိုင်ငံတော်အကြီးအကဲလမ်းညွှန်မှုပြု ထားသော နို့စားနွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး၊ နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှုမြင့်တင်ရေး၊ ပြည်ပ မှတင်သွင်းသောနို့နှင့်နို့ထွက်ပစ္စည်းလျှော့ချနိုင်ရေး ဟူသောရည်ရွယ်ချက်ဖြင့် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ မေထုန်မဲ့သားစပ်ခြင်းဖြင့် နို့စားနွား ကောင်ရေ ၆၆၀၀၀ တိုးမြှင့်မွေးမြူနိုင်ရန် ဆောင် ရွက်လျက်ရှိသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ တိရစ္ဆာန် အစာပင်စိုက်ပျိုးထုတ်လုပ်နည်းသင်တန်း၊ တိရစ္ဆာန် အစာထိန်းသိမ်းသိုလှောင်နည်းစနစ်သင်တန်း၊ မြက်ချဉ်ဖတ်၊ ကောက်ရိုးချဉ်ဖတ်ပြုလုပ်နည်း သင်တန်းများအား မြို့နယ်များတွင် သင်တန်းပေး ခဲ့ပြီးဖြစ်သည်။ နို့စားနွားဖွံ့ဖြိုးတိုးတက်ခြင်းအတွက် ခရိုင်အခြေပြုမေထုန်မဲ့သားစပ်သင်တန်းများ ဖွင့်လှစ် ဆောင်ရွက်ခဲ့သည်။ နို့စားနွားမျိုးမြှင့်တင်ခြင်း အနေ ဖြင့် အီတလီနှင့် နယူးဇီလန်နိုင်ငံမှ ၁၀၀ ရာခိုင်နှုန်း နွားမျိုးတွေကို မျိုးရည်ခဲချောင်းအဖြစ် တင်သွင်း ဖြန့်ဖြူးပေးခဲ့သည်။ ဈေးနှုန်းသင့်လျော်သော ပြည်တွင်းဖြစ် နို့စားနွား ၁၀၀ ရာခိုင်နှုန်းမျိုးချောင်း များကို ဖြန့်ဖြူးသားစပ်ပေးလျက်ရှိသည်။ နို့စား နွားမွေးမြူရေးသည် မွေးမြူသူကိုဆွဲဆောင်နိုင် သော လုပ်ငန်းတစ်ခုဖြစ်စေရန် အကျိုးအမြတ် များရန်လိုသည်။ မွေးမြူရေးလုပ်ငန်းတစ်ခုတွင် ကုန်ကျစရိတ်အားလုံး၏ ၆၅ ရာခိုင်နှုန်းသည် အစာ ဖြစ်သည်။ ထိုအစာကုန်ကျစရိတ် ၆၅ ရာခိုင်နှုန်း အောက်ချနိုင်ပါက နို့စားနွားမွေးမြူရေးသည် အကျိုး အမြတ် များသောလုပ်ငန်းတစ်ခုဖြစ်လာမည်။ တန်ဖိုးကြီးမြင့်သော စိုက်ပျိုးရေးဘေးထွက်ပစ္စည်း များအစာအာဟာရတန်ဖိုးသင့်တင့်သော တိရစ္ဆာန် အစာပင်များ စိုက်ပျိုးကျွေးမွေးမည်ဆိုလျှင် အစာ ကုန်ကျစရိတ်ကို ထိန်းသိမ်းလျှော့ချနိုင်မည်ဖြစ် သည်။ အစာကုန်ကျစရိတ်သက်သာပြီး အကျိုး အမြတ်များလာပါက မွေးမြူရေးတောင်သူကို ဆွဲဆောင်မှုရှိသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ် လာမည်ဖြစ်သည်။

"သင်...ဒီနေ့ နို့သောက်ပြီးပြီလား"

"ကျန်းမာခြင်းသည်လာဘ်ကြီးတစ်ပါး ဒိန်ချဉ်ကို နေ့တိုင်းစား"

စသောဆောင်ပုဒ်များဖြင့် နို့သောက်သုံးမှုကိုတိုးတက် အောင်လုပ်နိုင်ပါက နို့နှင့်နို့ထွက်ပစ္စည်းများ၏ဈေးကွက် သည် ယခုထက် ပိုမိုကျယ်ပြန့်လာနိုင်သည်။ ။

**ဒေါက်တာခင်စန္ဒာလွင်(မွေး-ကု)**

# မြန်မာ-ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ





ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် ဒစ်ဂျစ်တယ်စီးပွားရေးနှင့်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး Mr. Prasert Jantararuangtong နှင့် အဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်စဉ်။

နေပြည်တော် ဩဂုတ် ၂၀

မြန်မာ–ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေးစီမံခန့်ခွဲရေးနှင့်လေ့လာစောင့်ကြည့်နိုင်ရေး၊ နှစ်နိုင်ငံကြား ရေအရည်အသွေးညစ်ညမ်းမှု ကာကွယ်ထိန်းချုပ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်၍ မြန်မာ – ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည် အသွေးစီမံခန့် ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Hotel ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ထိုင်းနိုင်ငံမှ ဒုတိယဝန်ကြီးချုပ် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး Mr. Prasert Jantararuangtong၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Theerarat Samrejvanich၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Mongkol Visitstump နှင့် ထိုင်းနိုင်ငံရှိ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံအနေဖြင့် ရေသယံဇာတနှင့် အရည်အသွေးများထိန်းသိမ်းနိုင်ရေးအတွက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကိုဖွဲ့စည်းထားရှိပြီး ရေအရင်းအမြစ်များအား ဦးစားပေး ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်၍ အမျိုးသားမြေပေါ်ရေအရည်အသွေး စံချိန်စံညွှန်းကိုလည်း ၂၀၂၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး ရေအရည်အသွေးကို တိုင်းတာစစ်ဆေး၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိကြောင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး Mr. Prasert Jantararuangtong က ထိုင်းနိုင်ငံအနေဖြင့်လည်း ရေအရင်းအမြစ် အရည်အသွေးနှင့်ပတ်သက်၍ အရေးကြီးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေထုညစ်ညမ်းမှုကာကွယ်ထိန်းသိမ်းရန်အတွက် မူဝါဒများချမှတ်ထားရှိပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် ရေရှည်လက်တွဲ၍ ရေထုညစ်ညမ်းမှုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံမှ ညစ်ညမ်းမှုထိန်းချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ထိုင်းနိုင်ငံအတွင်းရှိနမ့်ခုတ်မြစ်ရေအရည်အသွေးနှင့် ကာကွယ်ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို တင်ပြဆွေးနွေးပြီး အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်းနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မြန်မာနိုင်ငံ၏ ရေအရည်အသွေးဆိုင်ရာစီမံခန့်ခွဲမှု၊ မြေပေါ်ရေအရည်အသွေးသတ်မှတ်ချက်များ၊ ကာကွယ်ထိန်းသိမ်းရေးဆောင်ရွက်မှုနှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ယခုဆွေးနွေးပွဲမှ ရရှိလာသော ရလဒ်များဖြစ်သည့် ရေအရည်အသွေးစီမံခန့်ခွဲမှုအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ ရေအရည်အသွေးဆိုင်ရာ အချက်အလက်များကို ဖလှယ်ခြင်းအပါအဝင် နှစ်နိုင်ငံမှ သက်ဆိုင်ရာဌာနများအချင်းချင်း နည်းပညာဆိုင်ရာဆွေးနွေးမှုများ ဆောင်ရွက်သွားရန်၊ ရေရှည်တည်တံ့သော ရေအရည်အသွေးစီမံခန့်ခွဲခြင်းဆိုင်ရာနယ်ပယ်တွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်နိုင်ရေး နည်းပညာဆိုင်ရာ ပူးတွဲလုပ်ငန်းအဖွဲ့ ဖွဲ့စည်းသွားရန်နှင့် နည်းပညာအကူအညီ၊ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာမြှင့်တင်ရေးနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရန်တို့နှင့်ပတ်သက်၍ ပူးတွဲသတင်းထုတ်ပြန်သည်။

ဆွေးနွေးပွဲအပြီးတွင် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ် ဒစ်ဂျစ်တယ်စီးပွားရေးနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီး Mr. Prasert Jantararuangtong နှင့် အဖွဲ့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်၍ ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

မြဝတီ



မြန်မာ–ထိုင်း နှစ်နိုင်ငံပူးတွဲ၍ ရေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပစဉ်။

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နောင်ချိုမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ၃ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်းအခြေခံပညာကျောင်း ၇၈ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၄၅၅ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၉၆၇၂ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ကာ ဩဂုတ်လ ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၃၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၃၆ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၃ ဦးအား ငှက်ဖျားပိုးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၃၄ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်လံမြို့ရှိ ရွှေတင့်ဝမ်းမွေးမြူရေးခြံအတွင်း ဥစားကြက်များမွေးမြူထားရှိမှုကိုကြည့်ရှုစစ်ဆေးစဉ်။

> ❖ သီးနှံအထွက်နှုန်းနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအတွင်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိသေးသည်ကို တွေ့ရ၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိခြင်းကြောင့် အောင်လံခရိုင်တွင် နှစ်စဉ်ဝင်ငွေ ငွေကျပ် ၄၆၅ ဘီလီယံခန့် လျော့နည်းလျက်ရှိ၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများတိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်း ဝယ်လိုအားနှင့်ရောင်းလိုအားများ တိုးတက်ကောင်းမွန်လာကာ ဒေသစီးပွားကို များစွာအထောက်အကူပြုစေမည်ဖြစ် . . .

> ❖ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက်လိုအပ်သည့် လူသားအရင်းအမြစ်များရရှိရေးအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိ . . .
>
> ❖ တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြစေလို . . .
>
> ❖ အောင်လံဒေသအတွင်း ဝါစိုက်ပျိုးမှုများဆောင်ရွက်လျက်ရှိသဖြင့် ဝါနှင့်ပတ်သက်သည့် စက်မှုလုပ်ငန်းများကို အခြေခံမှုစ၍ဆောင်ရွက်သွားကြရန်လို . . .

☆ရှေ့ဖုံးမှအဆက်

လုပ်ငန်းများ ဆွေးနွေးမှာကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ အောင်လံခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဆန်ဖူလုံမှုအခြေအနေများ၊ အောင်လံခရိုင်အတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်စိုက်ပျိုးပွဲများကျင်းပပြုလုပ်၍ စိုက်ပျိုးဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု၊ အောင်လံမြို့ရှိဆေးရုံကြီးအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အောင်လံနယ်မြေဒေသ လုံခြုံတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ **အောင်လံမြို့ရှိ ဆေးရုံကြီးအား သတ်မှတ်ချက်များနှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်**ကြောင်း၊ **အောင်လံမြို့ရှိ မြို့နယ်ခန်းမအား စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်လို**ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မြို့သန့်ရှင်းသာယာလှပစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်းမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မကွေးတိုင်းဒေသကြီး၌ စိုက်ပျိုးရေးနှင့်ပတ်သက်၍ ယာမြေများကို အသွင်ပြောင်းလယ်မြေများအဖြစ်ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျစိုက်ပျိုးဆောင်ရွက်နိုင်ခြင်းဖြင့် အထွက်နှုန်းများ ပိုမိုတိုးတက်လာစေရန်ဖြစ်ကြောင်း၊ သီးနှံအထွက်နှုန်းနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအတွင်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှု မရှိသေးသည်ကိုတွေ့ရကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီမှုမရှိခြင်းကြောင့် အောင်လံခရိုင်တွင် နှစ်စဉ်ဝင်ငွေ ငွေကျပ် ၄၆၅ ဘီလီယံခန့် လျော့နည်းလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများတိုးတက်လာမည်ဖြစ်ပြီး ဒေသတွင်း ဝယ်လိုအားနှင့် ရောင်းလိုအားများ တိုးတက်ကောင်းမွန်လာကာ ဒေသစီးပွားကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ထို့ကြောင့် အထွက်နှုန်းများပိုမိုတိုးတက်ကောင်းမွန်စေရေး စိုက်ပျိုးရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းများ လုံလောက်ကောင်းမွန်စွာရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်လိုသကဲ့သို့ မြေကောင်းမွန်မှုရှိစေရေး မြေပြုပြင်ခြင်းလုပ်ငန်းများနှင့် သဘာဝမြေဩဇာများကို အသုံးပြုရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေလုံလောက်စွာရရှိစေရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ အသုံးပြု၍ ရှိပြီးသား ရေအရင်းအမြစ်ဖြစ်သော ဧရာဝတီမြစ်ရေများကို စနစ်တကျ အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းစနစ်တကျဖြင့် စိုက်ပျိုးရန်လည်းလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ သီးနှံအထွက်နှုန်းများ ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသတွင်းဆန်ဖူလုံလာမည်ဖြစ်ပြီး ဒေသထွက်သီးနှံများဖြစ်သည့် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံကိုလည်း ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်မည်ဖြစ်သဖြင့် ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့်ပတ်သက်၍နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ဒေသတစ်ခုတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ အောင်လံမြို့နယ်အတွင်း မွေးမြူရေးလုပ်ငန်းလုပ်ဆောင်မှုများ အားနည်းနေသည်ကိုတွေ့ရှိရကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် ပစ္စည်းများဖြင့် တိရစ္ဆာန်အစာများထုတ်လုပ်နိုင်သဖြင့် အဆိုပါတိရစ္ဆာန်အစာများကို အသုံးပြု၍ ကြက်၊ ဝက်၊ ဆိတ်၊ နွားများကို မွေးမြူနိုင်ကြောင်း၊ ထိုသို့မွေးမြူဆောင်ရွက်ခြင်းဖြင့် ဒေသစားရေးကို ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိရေးအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ တောင်သူများအား စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက စဉ်ဆက်မပြတ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အောင်လံဒေသအတွင်း ဝါစိုက်ပျိုးမှုများ ဆောင်ရွက်လျက်ရှိသဖြင့် ဝါနှင့်ပတ်သက်သည့် စက်မှုလုပ်ငန်းများကို အခြေခံမှုစ၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသစီးပွားတိုးတက်ရေးကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း။

အောင်လံခရိုင်အတွင်း ကျောင်းသား၊ ကျောင်းသူများ တန်းစဉ်ကူးပြောင်းမှုများအားနည်းလျက်ရှိသည်ကိုတွေ့ရကြောင်း၊ တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာမှသာ လူတစ်ဦးချင်း၏ တိုးတက်မှုများရှိလာမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဒေသအတွင်းစီးပွားရေး တိုးတက်ကောင်းမွန်စေရန်အတွက် ပညာတတ်လူသားအရင်းအမြစ်များပေါ်များကြွယ်ဝအောင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ **“အမျိုးသား စည်းကမ်း**

---

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၁၃၇၆၂ ဧက စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၁၃၇၆၂ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ပြောပြချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၉၅၂၃ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ပဲမျိုးစုံ ၁၃၇၆၂ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်၌ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲကြီးနှင့် တခြားပဲမျိုးစုံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးလျက်ရှိသည်။

ပဲမျိုးစုံစိုက်ပျိုးရာတွင် အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဒေသခံတောင်သူများဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်၍ ပဲမျိုးစုံတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

**အစ စာသင်ကျောင်းက”** ဆိုသည့်အတိုင်း ပညာသင်ကြားမှုအဆင့်အလိုက် တစ်ဦးချင်း၏စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်မှုများကွာခြားသွားကြကြောင်း၊ ထို့ကြောင့် ကျောင်းနေရာခိုင်နှုန်းများ ကောင်းမွန်ပြီး တန်းစဉ်ကူးပြောင်းမှုများ ကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ပညာရေးကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

အောင်လံဒေသအတွင်း သစ်တောသစ်ပင်များကို ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ သစ်ပင်သစ်တောများရှိမှသာ သဘာဝဘေးဒဏ်များကို ထိုက်သင့်သလောက်လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်တာဝန်ယူချိန်မှစ၍ ကျေးရွာများ၌ တစ်ရွာလျှင် ထင်းစိုက်ခင်း ၂ ဧကနှုန်းဖြင့် စိုက်ပျိုးရန်မှာကြားထားကြောင်း၊ အလားတူ မြို့ရွာများ၊ ရပ်ကွက်များအလိုက် တစ်အိမ်လျှင် သစ်ပင်တစ်ပင်နှုန်းနှစ်စဉ်စိုက်ပျိုးသွားမည်ဆိုပါက သစ်ပင်သစ်တောများ ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ လမ်းဧရိယာများ၌လည်း သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ခေတ်အဆက်ဆက်တွင် အုပ်ချုပ်ရေးစနစ်များ ပုံစံအမျိုးမျိုးဖြင့် အဆင့်ဆင့် ပြောင်းလဲလာခဲ့ကြောင်း၊ ကိုလိုနီခေတ်၌ ခရိုင်အုပ်ချုပ်ရေးကို အခြေခံသည့် မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်စသည့် ပုဂ္ဂိုလ်များက ဒေသအလိုက် လက်တွေ့အကောင်အထည်ဖော်ရသော အုပ်ချုပ်ရေးကိုဆောင်ရွက်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးစ ပါလီမန်ဒီမိုကရေစီစနစ်၌လည်း ၎င်းစနစ်ကိုပင်အခြေခံ၍ ကျင့်သုံးဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌ အုပ်ချုပ်ရေးမှူးများ၏အပေါ်တွင် ကောင်စီဥက္ကဋ္ဌများက တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း၊ နဝတခေတ်တွင် တပ်မတော်က ခန့်အပ်သည့်ဥက္ကဋ္ဌများက ဦးဆောင်၍ ဆောင်ရွက်ခဲ့ပြီး နယကခေတ်မှစ၍ မြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးများက ဦးဆောင်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင်လည်း ဒေသအလိုက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဦးဆောင်၍ ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးတို့ကို ဒီမိုကရေစီစနစ်နှင့်အညီ ဆောင်ရွက်စေခဲ့ကြောင်း။

**ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင် တာဝန်ရှိပြီး ဒေသကို ဦးဆောင်အုပ်ချုပ်နေသူများတွင်လည်းတာဝန်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ထမ်းဆောင်နေသည့် ဒေသအတွင်း ခရိုင်၊ မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း၊ နိုင်ငံတော်မှချမှတ်ပေးထားသည့် မူဝါဒများနှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဒေသအတွင်း တာဝန်ရှိသူများက မှန်မှန်ကန်ကန်ဖြင့်ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်လိုကြောင်း၊ သက်ဆိုင်ရာဌာနချင်းအလိုက်ညှိနှိုင်း၍ လုပ်ငန်းများကိုဆောင်ရွက်ခြင်းဖြင့် ခရိုင်အလိုက်၊ မြို့နယ်အလိုက်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အောင်လံခရိုင်အတွင်း အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အောင်လံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် အဆင့်မြင့်စျေးဆိုင်ခန်းများတည်ဆောက်ရန်အဆိုပြုပုံစံနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။




အောင်လံမြို့အဝေးပြေးယာဉ်ရပ်နားစခန်း အဆင့်မြင့်တင်တည်ဆောက်ထားရှိမှုကို တွေ့ရစဉ်။

**❖ ဒေသတစ်ခုတိုးတက်ရေးအတွက် ဒေသတွင်းနေထိုင်ကြသူများတွင် တာဝန်ရှိပြီး ဒေသကိုဦးဆောင်အုပ်ချုပ်နေသူများတွင်လည်း တာဝန်ရှိ၊ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့်ဒေသအတွင်း ခရိုင်၊ မြို့နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတ်နိုင်သမျှ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ် . . .**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ရှိ ရွှေတင့်ဝမ်း မွေးမြူရေးဇုန်သို့ရောက်ရှိကြပြီး မွေးမြူရေးဇုန်အတွင်း ဥစားကြက်များ မွေးမြူထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မွေးမြူရေးလုပ်ငန်းများအား စနစ်တကျဖြင့်ဆောင်ရွက်သွားရန်၊ မွေးမြူရေးဇုန်အတွင်း အရိပ်ရလေကာပင်များစိုက်ပျိုးသွားရန်နှင့် သန့်ရှင်းမှုများရှိစေရေး စနစ်တကျဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောင်လံမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း အဆင့်မြင့်တင်တည်ဆောက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ယာဉ်ရပ်နားစခန်းအတွင်း ယာဉ်ရပ်နားမှုများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရန်၊ အရိပ်ရလေကာပင်များအား စနစ်တကျစိုက်ပျိုးသွားရန်၊ ယာဉ်ရပ်နားစခန်းအနီးပတ်ဝန်းကျင်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုကို အထောက်အကူပြုစေမည့် သစ်တောငယ်အား စိုက်ပျိုးဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များအား လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၀-၈-၂၀၂၅

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| မချမ်းဘော | ၄ | ဒသမ | ၂၉ | လက်မ | မြန်အောင် | ၁ | ဒသမ | ၆၁ | လက်မ |
| ပဲခူး | ၂ | ဒသမ | ၈၀ | လက်မ | ပင်လုံ | ၁ | ဒသမ | ၅၅ | လက်မ |
| ပေါင် | ၂ | ဒသမ | ၄၁ | လက်မ | ဘိုကလေး | ၁ | ဒသမ | ၅၀ | လက်မ |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၁ | ဒသမ | ၈၁ | လက်မ | စစ်တွေ | ၁ | ဒသမ | ၃၈ | လက်မ |
| | | | | | မြိတ် | ၁ | ဒသမ | ၁၉ | လက်မ |
| အင်္ဂပူ | ၁ | ဒသမ | ၇၈ | လက်မ | ကျိုက်မရော | ၁ | ဒသမ | ၁၉ | လက်မ |

**■ ကျော့ဖုံးမှအဆက်**

မြို့နယ်အတွင်း တောင်သူများက နေကြာစိုက်ပျိုးခြင်းကို စိတ်ဝင်စားလာပြီး ယခင်နှစ်ကထက်ပိုမိုစိုက်ပျိုးလာကြောင်းနှင့် တောင်သူများအတွက် လိုအပ်သောနည်းပညာပေးခြင်းကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**မျိုးညွန့်ရွှေ(မိုးနဲ)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing meets departmental officials from Aunglan, discusses regional development



Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing meets departmental officials in Aunglan.



Senior General Min Aung Hlaing inspects the highway bus terminal.

NAY PYI TAW August 20

Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing met departmental officials at Aunglan District General Administration Department Office in Aunglan this morning and discussed regional development. The Senior General was accompanied by SSPC Secretary Joint Executive Chief General Ye Win Oo, union ministers, senior military officers from the Office of the Commander-in-Chief, the Magway Region Chief Minister, the Central Command commander and officials.

At the meeting, the district administrator reported on salient points of the area, local agricultural activities, rice sufficiency, tree-growing ceremonies to green Aunglan District, endeavours for progress of health and education sectors, preparations for the success of the elections, and the need to upgrade the hospital in Aunglan.

Regarding the report, the Senior General pointed out the need to render cooperation for peace, stability and safety of the Aunglan area. He said the hospital in Aunglan will be upgraded in accord with the set standards. The town hall in Aunglang should be properly maintained. He then urged officials to beautify the town through systematic supervision.

Chairman of State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing then delivered an address. He said a plan to turn non-rice fields into rice fields is now underway. Systematic cultivation is the core for increasing crop yield. Magway Region has not realized the crop yield target yet and the failure to hit the target caused nearly Ks-465 billion shortage in annual earnings of Aunglan District. By achieving the desired goal, the production industry will develop and there will be a rise in local supply and demand, which is very supportive of the local economy.

As for further increasing crop yield, the four main requirements of agriculture – sufficient land area and water supply and appropriate technology and strains – must be in hand. Land preparations and organic fertilizers and soil improvement are essential in agriculture, apart from quality strains that are suitable for the relevant area. As for ensuring sufficient water supply, solar-power pumping stations must be systematically erected alongside the Ayeyawady River, one of the existing water resources. Application of proper agricultural methods is also a requisite in crop cultivation. Significant

See Page - 19 ■■



Senior General Min Aung Hlaing inspects a layer farm.

■■ From Page - 18

increase in crop yield will fulfil local rice demand and extended cultivation of traditional crops such as edible oil crops and beans and pulses will be highly beneficial for the region.

Regarding electricity needs, the Senior General stated that solar power generation projects can be carried out. He explained that a region's development is driven by the improvement of agricultural and farming production businesses. He noted that farming is weak in Aunglan Township and, since animal feed can be produced from local agricultural products, chickens, pigs, goats, and cows can be raised using this feed. He concluded by saying that such farming would greatly support the food needs of the region.

To obtain the necessary human resources for agricultural and farming businesses, industrial, agricultural, and farming high schools are being opened. The Senior General expressed his desire for relevant officials to continuously carry out knowledge-sharing activities for farmers. He also stated that since cotton is being cultivated in the Aunglan region, it is necessary to develop cotton-related industries from the ground up. He concluded by saying that improving agricultural and farming businesses in the region will greatly contribute to the development of the regional economy.

The Senior General noted that the class transition rate for students in Aunglan District is weak. He stated that only if this rate improves will there be individual progress, which can then contribute to regional development. He added that for the regional economy to improve, it is necessary to work towards having an abundance of educated human resources. In line with the motto "**National discipline begins at school**," he explained that an individual's morality and discipline differ according to their level of education. He therefore called for cooperation to improve school attendance and class transition rates, stating that a good education will greatly contribute to regional peace, stability, and development.

It is necessary to conserve forests and trees in Aunglan and only when there are forests and trees, can disasters be mitigated to some extent. Since assuming State responsibilities, I instructed every village to grow 2-acre of firewood plantation and similarly if each household in wards and townships plants a tree annually, the number of trees will increase. Planting trees in road areas will create a lush and green environment.

Administrative systems have changed in Myanmar in successive eras and during the colonial era, town commissioners, district commissioners and commissioners implemented regional administrations. Under the post-independence parliamentary democracy era, the same administrative system was adopted. In the era of the Burma Socialist Program Party, chairmen of people's councils were responsible to manage township affairs above township administrators. During the era of the SLORC, chairmen appointed by the Tatmadaw were responsible for township affairs. Since the era of the SPDC, township and district administrators have been responsible for regional administration. During the term of the current government, district and township administrators have been tasked with regional development, the rule of law and administration in accordance with the democratic system.

**Local residents are responsible for regional development and regional administrators are also responsible for development tasks. Therefore, it is necessary to carry out development tasks of districts and townships as much as possible.** Responsible officials in regions are required to implement development tasks in accordance with policies adopted by the State properly. By coordinating among relevant departments, districts and townships will develop.

Then, the Senior General and party arrived at Shwe Tint One Livestock Breeding Zone and inspected layer chicken farms. Responsible officials conducted the Senior General and party around the farm.

After hearing the reports, the Senior General gave instructions on implementing livestock breeding tasks systematically, planting shady and windbreak trees in the livestock breeding zone and cleanliness of the zone.

Then, the Senior General and party inspected the upgrading of the highway bus terminal in Aunglan and gave instructions on systematic operations of the terminal, planting shady and windbreak trees in the terminal, establishing a small forest near the terminal to contribute to the green environment and other needs.

**100**

# Kalewa Township authorities manage cultivation of more than 1,000 acres of vegetables

KALEWA August 20

Statistics of Kalewa Township Agriculture Department in Sagaing Region, a total of 1,092 acres of vegetables have been planted in the township this year.

During the 2025-2026 monsoon crop season, a total of 1,935 acres have been designated for vegetable cultivation in Kalewa Township. Planting began in May of this year, and as of today, 1,092 acres have already been cultivated.

"This year, over 1,900 acres of vegetables are planned for cultivation in Kalewa Township during the monsoon season. As of today, more than 1,000 acres have already been planted. Efforts are ongoing to meet the full target acreage. The crops include roselle, chilli, cauliflowers, herbs, potatoes, okra, Chinese cabbage, eggplant,and ridge gourd. Farmers are being provided with technical assistance to grow all these vegetables following the GAP (Good Agricultural Practices) system.They're also being trained to minimize chemical residues and grow crops that are health-friendly," said U Myo Naing, Head of the Township Department of Agriculture in Kalewa.

This year, the Kalewa Township Department of Agriculture has been providing farmers with training to grow vegetables using GAP methods.

They are also teaching techniques to ensure that vegetables harvested from the fields are healthy and safe for consumption. Support is also being given to encourage farmers to expand their vegetable cultivation areas.

In Kalewa Township, seasonal vegetables are grown year-round. These vegetable crops have been successful and have contributed to household income.

The Department of Agriculture is also educating farmers on proper cultivation methods, pest prevention, the use of natural fertilizers, and the preparation and use of natural pesticides and repellents.

**SMK**

# Over 12,000 acres of pigeon pea planted in Wetlet Township during monsoon

WETLET August 20

According to the Wetlet Township Department of Agriculture of Sagaing Region, local farmers have planted more than 12,000 acres of pigeon pea in the township this monsoon.

In 2025-2026 monsoon cultivation season, local authorities earmarked cultivation of 21,256 acres of pigeon pea in Wetlet Township but farmers have so far planted 12,880 acres of crops against the target cultivation.

"This year, during the monsoon crop season in Wetlet Township, over 21,000 acres of pigeon pea are planned for cultivation. As of today, more than 12,000 acres have already been cultivated. Efforts are being made to ensure that the targeted acreage is fully planted. Measures are also being taken to ensure high yield in pigeon pea cultivation. Pigeon peas are being grown both as a sole crop and as an intercropped/relay crop," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

It is reported that, this year, the Wetlet Township Department of Agriculture is providing field-level technical support to farmers growing pigeon peas. This includes guidance on using quality and pure seeds, proper cultivation methods, pest prevention, and yield improvement.

Moreover, the township agriculture department is disseminating techniques of making natural fertilizers to help reduce the cost of purchasing foliar fertilizers. These methods reportedly reduce cultivation costs, keep the plants free from pests, and promote healthy plant growth.

**SK**

# Farmers plant more than 2,000 acres of rice bean in Wetlet Township

WETLET August 20

Local farmers have so far planted more than 2,000 acres of rice bean in Wetlet Township of Sagaing Region during this monsoon, according to the township Agriculture Department.

During the 2025–2026 monsoon crop season, it is planned to cultivate a total of 5,997 acres of rice bean in Wetlet Township. Cultivation began in May this year, and as of today, a total of 2,588 acres have already been planted.

Daw Kyin San, Head of the Wetlet Township Agriculture Department, commented: "For this year's monsoon season, more than 5,000 acres of rice bean are targeted for cultivation in Wetlet Township. So far, over 2,000 acres have already been cultivated. We are continuing efforts to reach the targeted acreage. We are also providing educational outreach to encourage expanded cultivation and the use of high-quality, pure seeds to improve yield."

This year, the township agriculture department has been educating rice bean farmers in Wetlet Township on the use of region-appropriate and pure seed varieties, ensuring proper cultivation practices, preventing pest infestations, applying fertilizers systematically, and improving crop yield.

**SMK**

# Erdogan, Putin discuss Ukraine conflict in phone call



ANKARA August 20

Turkish President Recep Tayyip Erdogan and Russian President Vladimir Putin held a phone call on Wednesday to discuss the outcomes of Putin's recent Alaska summit with U.S. President Donald Trump, as well as bilateral relations, the Turkish presidency said.

During the conversation, Erdogan underlined that Türkiye has been closely following developments in the Russia-Ukraine peace process and has sincerely sought a fair resolution to the conflict since the start of the war, said a statement from the Turkish presidency.

Ankara supports efforts to establish lasting peace with the participation of all parties in this regard, Erdogan told his counterpart, according to the presidency.

Putin, for his part, shared his assessment of the summit between Russia and the United States in Anchorage, according to a statement by the Kremlin.

The two leaders also discussed the latest developments in and around Ukraine, with Putin expressing Russia's appreciation for Türkiye's efforts to facilitate talks between Russian and Ukrainian representatives in Istanbul, the Kremlin said.

The conversation also covered several issues on the bilateral agenda, including the further expansion of trade and investment ties, it said, adding that the two leaders agreed to maintain personal contacts.

**Xinhua**

# No return of Crimea and no NATO for Ukraine – Trump

WASHINGTON August 20

It is "impossible" for Crimea to return to Ukraine or for the country to join NATO, US President Donald Trump told Fox & Friends on Tuesday.

He added that Kiev had approached the US-led military bloc to seek help in trying to get the peninsula back.

"They went in and said 'We want to get Crimea back'. This was at the beginning," Trump revealed. "The other thing they said was 'We want to be a member of NATO'. Well, both of those things are impossible."

"It was always a no-no," both during the time of the Soviet Union, and now with Russia, Trump explained, adding that Russia has always stressed it did not want "the enemy" on its border.

The peninsula, which is populated predominantly by ethnic Russians, overwhelmingly voted to join the Russian Federation shortly after the 2014 Western-backed coup in Kiev, which brought a nationalist Ukrainian government to power.

Moscow has cited the abuse of Russian-speaking Ukrainians by the Kiev regime and its ambition to join NATO, as some of the fundamental reasons for the current conflict.

While Trump has repeatedly floated the idea of "land swaps" in his diplomatic push to end the hostilities in Ukraine, he has firmly stated that Kiev will not get Crimea back.

Ukraine's Vladimir Zelensky had previously refused outright to discuss any territorial concessions, stating that "the Constitution of Ukraine does not allow the surrender of territories or the trading of land." He, however, acknowledged that the land swaps were on the latest talks agenda at the White House.

The Washington meeting came two days after Trump met with Russian President Vladimir Putin in Alaska, where the two leaders discussed resolving the Ukraine conflict.

Moscow has long insisted that it will only accept a peace deal that eliminates the core causes of the conflict. Namely that Ukraine should renounce its ambitions for NATO membership, demilitarize, and recognize the current territorial realities, including the status of Crimea, as well as of Donetsk, Lugansk, Kherson and Zaporozhye regions, the latter four of which voted to join Russia in 2022.

**RT**

# White House launches official TikTok account

WASHINGTON August 20

The White House launched an official TikTok account on Tuesday, less than a month before U.S. President Donald Trump's deadline for the social media app to either find a new owner or face a ban in the United States.

The account posted its debut video on Tuesday afternoon -- a 27-second clip featuring footage of Trump walking and interacting with his supporters, accompanied by audio from his acceptance speech at the 2016 Republican National Convention.

A few hours after the debut video, the account has garnered over 57,000 followers, while the TikTok account Trump used for his presidential campaign last year has more than 15 million followers.

In his first term, Trump signed an executive order effectively seeking to ban the app, owned by the Chinese firm ByteDance, in the country unless ByteDance sold its U.S. operations to a U.S. company. The order did not go into effect amid legal challenges.

Since his second term, Trump has extended the deadline twice, each by 75 days on Jan. 20 and April 4, respectively. On June 19, Trump signed an executive order to keep TikTok running in the United States for another 90 days, extending the deadline to September 17, 2025.

**Xinhua**

# 50 schools in India's capital receive hoax bomb threats




NEW DELHI August 20

At least 50 schools in the Indian capital Delhi on Wednesday received bomb threats, prompting authorities to rush police teams, fire services personnel and bomb disposal squads to these educational institutions, officials said.

The threats turned out to be hoaxes. Local media reports quoting police officials said a group identifying itself as "Terrorisers 111" sent an email to those schools demanding US$-25,000 from each one.

The schools were quickly evacuated as a safety measure.

"As usual, the threats proved to be hoaxes as nothing suspicious was found anywhere during the searches," a police official said.

This is the second time in two days that several schools in Delhi have received bomb threat emails.

The police are trying to identify the sender of these emails and track the Internet Protocol address from which they have been generated.

Hoax threats last year triggered chaos in the airlines, schools, hospitals and hotels across the country.

**Xinhua**

# China to resume fertilizer, rare earths exports to India: govt source

NEW DELHI August 20

China is ready to resume shipments of fertilizers, rare-earth metals, and tunnel-boring machines to India, an Indian government source told reporters in New Delhi.

On Monday, Indian External Affairs Minister Subrahmanyam Jaishankar met with Chinese Foreign Minister Wang Yi in New Delhi to discussed global and regional issues.

Wang assured his Indian counterpart that China would restart these critical supplies as the two countries move toward normalizing relations, the source said after the talks.

Jaishankar raised the supply of urea, nitrogen, phosphorus and potassium, as well as diammonium phosphate, rare earth metals and tunnel-boring machines in a conversation with Wang during his visit to China in July.


In 2023, nearly half of China's fertilizer exports went to India, but China suspended exports to all countries in 2024. Beijing eased the ban in June but maintains restrictions on India. According to the Fertilizer Association of India, India's imports of urea from China fell to about 100,000 tons in fiscal year 2024-2025, compared with 1.87 million tonnes a year earlier.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Devastating health impact of vaping revealed in major global study




Children who regularly vape are three times more likely to become smokers later in life, a bombshell report has claimed.

Figures have long shown how the proportion of kids using e-cigarettes has exploded amid the decline of traditional smoking, with more than a third of 16 to 18-year-olds now regularly inhaling them.

For comparison, less than one in ten were doing so a decade ago.

But British researchers now believe the gadgets could pose a worse threat to children than thought.

In the largest global review on vaping in young people to date, experts from the University of York and the London School of Hygiene and Tropical Medicine (LSHTM), found that vapers were also more likely to smoke more frequently and intensely.

Regularly using e-cigs could also increase the odds of respiratory illness and substance abuse, the scientists said.

However, other experts urged caution over the findings noting many of the studies assessed were merely observational and could not prove that vaping alone caused such health issues.

In the research, the scientists analysed 56 reviews on 384 youth vaping studies.

Of these, 21 looked at use of e-cigarettes among young people and later cigarette smoking.

Writing in the journal Tobacco Control, the authors said the data available 'consistently indicated a significant association between e-cigarette use and later cigarette smoking in young people'.

They said it was difficult to 'infer causality' from their review, but the 'repeated strong associations in prospective cohort studies are consistent with a causal relationship'.

The analysis also suggested an increased risk among young people who vape of developing asthma or asthma exacerbation, they added.

Other harmful outcomes linked to youth vaping included pneumonia, bronchitis, lower total sperm counts, dizziness, headaches and migraines.

There was also a link identified between depression and suicidal thoughts among young vapers.

Dr Su Golder, associate professor in health science at the University of York, said: 'The consistency in the evidence is striking.

'Across multiple studies, young people who use e-cigarettes are more likely to smoke in the future. These findings support stronger public health measures to protect teens from the risks associated with vaping.'

Dr Greg Hartwell, clinical assistant professor at LSHTM, said: 'We found consistent evidence around transitions to smoking which of course, in turn, opens the door to the multitude of harms that conventional cigarettes bring.

'As the UK Government's chief medical officer states, marketing vapes to children is always unacceptable, and our review shows exactly why further restrictions on the tobacco industry, who control the vaping market, are so important.'

Dr Rebecca Glover, senior author of the study, assistant professor at LSHTM, added: 'Vaping is having a detrimental impact on the health of young people globally and vaping appears to be a gateway to other substances.

'Our study provides the strongest evidence to date that young people globally face a serious range of physical and psychological harms from vaping and are at higher risk of transitioning to smoking.'

But other experts today, who weren't involved in the research, labelled the findings 'overspeculation' and warned the studies analysed were observational or low quality.

Professor Ann McNeill, an expert in tobacco addiction at King College London, said: 'It reported on 56 systematic reviews of which 53 were rated critically low or low quality, meaning authors should be extremely cautious before making any conclusions.

'The authors reported that the reviews found consistently that vaping was associated with subsequent smoking.

'This replicates the findings of many previous reviews and indeed research I have been involved in.

'However, the authors incorrectly state that this supports "a causal relationship".

'in other words that vaping causes smoking—the so-called 'gateway' effect. It is well-established that consistency does not mean causality.'

Meanwhile, Dr Emma Beard, an associate professor in statistics and quantitative methods at University College London, said: 'The conclusion that vaping acts as a "gateway" is an overspeculation, especially when the paper notes that at a population level, smoking rates have generally fallen as vaping has risen.

'While protecting youth is vital, this review clearly shows the current evidence base on this topic has some significant weaknesses.'

E-cigs allow people to inhale nicotine in a vapour—which is produced by heating a liquid, which typically contains propylene glycol, glycerine, flavourings, and other chemicals.

Unlike traditional cigarettes, they do not contain tobacco, nor do they produce tar or carbon—two of the most dangerous elements.

Nicotine's effect on the brain is well known—within 20 seconds of inhalation, it triggers the release of chemical messengers such as dopamine, associated with reward and pleasure.

But it also increases heart rate and blood pressure and makes blood vessels constrict. This is because nicotine triggers the release of the hormone adrenaline.

Despite NHS chiefs insisting it is safer than smoking, vaping is not risk-free. E-cigarettes can contain harmful toxins and their long-term effects remains a mystery.

Experts are also concerned the high nicotine content might increase blood pressure and cause other heart problems.

Last year, in world-first guidance setting out possible interventions to help people stop using tobacco products, the World Health Organization labelled the evidence around e-cigarettes as 'complex'.

Vapes could not be recommended as way to stop smoking as too little is known about the harms and benefits, the UN agency said.

In June, in a bid to tackle the surge in youth vaping, it was made illegal for businesses to sell or supply single-use vapes, such as Elf bars and Lost Mary, in shops and online.

Only devices considered reusable—with a rechargeable battery and replaceable coil—are now allowed.

**Mail Online**

# ၁၅ နှစ်ကြာ အမြင့်ပေစံချိန်ကိုချိုးလိုက်တဲ့ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်လေယာဉ်

ပြီးခဲ့တဲ့ ၁၅ နှစ်အကြာတုန်းက နေရောင်ခြည်စွမ်းအင်ကိုအသုံးပြုထားတဲ့ လျှပ်စစ်လေယာဉ်ငယ်တစ်စင်းဟာ အမြင့်ပေ ၃၀၂၉၈ ပေအထိကို ပျံတက်နိုင်ခဲ့ပါတယ်။ အမြင့်ပေ ၃၀၀၀၀ ကျော်ဆိုတာ ခရီးသည်တင်လေယာဉ်တွေပျံသန်းလေ့ရှိတဲ့အမြင့်ပေပမာဏတစ်ခုဖြစ်ပါတယ်။ ဒီပမာဏကို ရောက်ဖို့ဆိုတာကလည်း သိပ်တော့မလွယ်ကူပါဘူး။ ဒါကြောင့် လွန်ခဲ့တဲ့ ၁၅ နှစ်တုန်းက အဲဒီလေယာဉ်ငယ်လေးဟာ အမြင့်ပေ ၃၀၀၀၀ ကျော်အထိတက်နိုင်ခြင်းအားဖြင့် စံချိန်တင်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက စံချိန်တင်ခဲ့တဲ့နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်က Solar Impulse လို့ခေါ်တဲ့လေယာဉ်ဖြစ်ပြီး ကမ္ဘာပတ်ပျံသန်းမှုကိုလုပ်ဆောင်ခဲ့တာပါ။




အခုတော့ ဆွစ်ဇာလန်နိုင်ငံသားလေယာဉ်မှူးတစ်ဦးဖြစ်တဲ့ ရာဖေးဒွမ်ဂျန်က နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်လေယာဉ်ငယ်တစ်စင်းကို မောင်းနှင်ပြီး အမြင့်ပေစံချိန်ကို ချိုးလိုက်နိုင်ပါပြီ။ သူမောင်းနှင်ပျံတက်သွားတဲ့အမြင့်ပေက ပေပေါင်း ၃၁၂၃၇ ပေရှိပါတယ်။ သူက ဆွစ်ဇာလန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဆိုင်အွန်လေဆိပ်ကနေပျံတက်သွားခဲ့တာပါ။ ဒီလိုမျိုးအမြင့်ပေအထိ ပျံတက်နိုင်စေဖို့အတွက် ဒွမ်ဂျန်က လေပူဆန်ကြောကိုအသုံးပြုခဲ့တာဖြစ်တယ်လို့ဆိုပါတယ်။ အခုလိုမျိုး မှတ်တမ်းအသစ်တင်နိုင်ခြင်းဟာ လူသားများနဲ့နည်းပညာပိုင်းဆိုင်ရာစွန့်စားမှုတို့ကြားမှာရရှိလာတဲ့ အမြင့်ဆုံးသောမှတ်တိုင်တစ်ရပ်ဖြစ်တယ်လို့ ဒွမ်ဂျန်က ပြောထားပါတယ်။

ဒွမ်ဂျန်အနေနဲ့ ဒီအမြင့်ပေကနေပျံသန်းနေစဉ်မှာ ခရီးသည်တင်လေယာဉ်တစ်စင်းရဲ့လမ်းကြောင်းပေါ်ကနေတောင်မှ ဖြတ်သွားလိုက်သေးတယ်လို့ဆိုပါတယ်။ ဒါဟာ မနက်ဖြန်နေ့ရက်များအတွက် ကာဗွန်ထုတ်လွှတ်မှုကင်းစင်သော လေကြောင်းသယ်ယူပို့ဆောင်ရေးအတွက် ကြီးမားလှတဲ့ပြယုဂ်တစ်ခုဖြစ်ပါတယ်လို့ ဒွမ်ဂျန်ရဲ့အဖွဲ့ကပြောထားပါတယ်။ ဒွမ်ဂျန်ဆိုတာ စွန့်စားခရီးနှင်သူနဲ့ ကထိကတစ်ဦးဖြစ်ပါတယ်။ သူက လေယာဉ်တွေ၊ လေဟုန်စီးယာဉ်တွေ၊ ရဟတ်ယာဉ်တွေကို မောင်းနှင်နေသူတစ်ဦးပါ။ သူက နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်တစ်စင်းကို ခရီးသည်တင်လေယာဉ်တွေ ပျံသန်းလေ့ရှိတဲ့အမြင့်ပေအထိ ပျံသန်းနိုင်စေဖို့ရည်မှန်းထားတာဖြစ်ပါတယ်။ အခုတော့ သူ့ရဲ့ရည်မှန်းချက်ပြည့်ဝသွားပြီလို့ဆိုရမှာပါ။

အခုပျံသန်းမှုမှာအသုံးပြုခဲ့တဲ့လေယာဉ်က စွန့်စားမှုနဲ့အတူ အနုစိတ်ပုံဖော်ထားတဲ့ အင်ဂျင်နီယာလက်ရာဖြစ်တယ်လို့ SolarStratos ကုမ္ပဏီကပြောပါတယ်။ ဒီလေယာဉ်မှာ အင်ဂျင်ကိုရှေ့ပိုင်းမှာတပ်ဆင်ထားတာဖြစ်ပါတယ်။ လေယာဉ်ကိုယ်ထည်ကိုတော့ ကာဗွန်ဖိုက်ဘာနဲ့ပြုလုပ်ထားပါတယ်။ လေယာဉ်အလျားက ၃၁ ပေခွဲရှည်ပြီး တောင်ပံရဲ့အကျယ်က ၂၃၇ စတုရန်းပေရှိပါတယ်။ အဲဒီတောင်ပံမှာ စွမ်းဆောင်ရည်မြင့်မားတဲ့ ဆိုလာပြားများကိုတပ်ဆင်ထားတာပါ။ လေယာဉ်အနေနဲ့ ပျံတက်နိုင်တဲ့အရှိန်နှုန်းက တစ်နာရီ ၃၁ မိုင်နှုန်းဖြစ်ပြီး လေထဲမှာတော့ အမြင့်ဆုံးသောအရှိန်အဖြစ် တစ်နာရီကို ၈၇ မိုင်နှုန်းနဲ့ပျံသန်းနိုင်ပါတယ်။ အရှိန်နှုန်းမှန်မှန်နဲ့မောင်းနှင်မယ်ဆိုရင်တော့ တစ်နာရီကိုမိုင် ၅၀ နှုန်းနဲ့မောင်းနှင်နိုင်ပါတယ်။

အခုလို အမြင့်ပေစံချိန်အသစ်တင်မယ့် ပျံသန်းမှုမျိုးမလုပ်ခင်မှာ ဒွမ်ဂျန်ကအစမ်းပျံသန်းမှုကို ဦးစွာလုပ်ဆောင်ပါတယ်။ အဲဒီအစမ်းပျံသန်းမှုမှာ အမြင့်ပေ ၂၁၆၁၆ ပေအထိတက်နိုင်ခဲ့ပါတယ်။ ဒီနေရာမှာ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်လေယာဉ်အနေနဲ့ တင်းကျပ်တဲ့စည်းမျဉ်းစည်းကမ်းများကို လိုက်နာရပါတယ်။ အဲဒါတွေက ဝေဟင်ပေါ်ပျံတက်ခြင်းမပြုမီ နေရောင်ခြည်စွမ်းအင်နဲ့သွင်းထားတဲ့ ဘက်ထရီအားအပြည့်ရှိရပါမယ်။ ပြန်ဆင်းလာတဲ့အခါမှာလည်း ဘက်ထရီအားလက်ကျန်က ၁၆ ရာခိုင်နှုန်းအနည်းဆုံးရှိရပါမယ်။ လေယာဉ်ကအသုံးပြုတဲ့ စွမ်းအင်တွေအားလုံးကို နေရောင်ခြည်ကနေပဲ ရယူအသုံးပြုရပါမယ်။ လက်ရှိမှာတော့ ဒီလေယာဉ်အနေနဲ့ပျံတက်နိုင်ခဲ့တဲ့အမြင့်ပေကြောင့် အနာဂတ်မှာနေရောင်ခြည်စွမ်းအင်သုံးခရီးသည်တင်လေယာဉ်တွေ ပေါ်ထွက်လာမယ့်အိပ်မက်ကလည်း ပိုမိုတောက်ပလာပါတယ်။

**Ref: IE**

**ကိုထက်**

# နယူးယောက်မှပဲရစ်အထိ လေးနာရီသာကြာမယ့် ပေါက်ကွဲသံကင်းမဲ့အသံထက်မြန်လေယာဉ်

နယူးယောက်မြို့မှသည် ပဲရစ်မြို့အထိ ခရီးသည်တင်လေယာဉ်နဲ့ခရီးသွားမယ်ဆိုရင် ကြာမြင့်ချိန်ဟာ ခုနစ်နာရီခွဲအထိရှိပါတယ်။ ဒါတောင်မှ လေယာဉ်ကိုမရပ်မနားပျံသန်းမှသာရမှာပါ။ တကယ်လို့များ ကြားမှာဆင်းသက်ရပ်နားမှုလုပ်တယ်ဆိုရင် အဲဒီခရီးရဲ့ကြာမြင့်ချိန်က ၁၀ နာရီနဲ့အထက်ဖြစ်သွားနိုင်ပါတယ်။ အကယ်၍အသံထက်မြန်တဲ့လေယာဉ်နဲ့သွားမယ်ဆိုရင် ဒီခရီးအတွက်ကြာမြင့်ချိန်ကို ထက်ဝက်လောက်လျှော့ချနိုင်မှာပါ။ ဒါပေမဲ့ ကန့်သတ်ချက်တစ်ခုရှိနေပါတယ်။ အဲဒီကန့်သတ်ချက်ကတော့ အသံထက်မြန်တဲ့နှုန်းနဲ့ပျံသန်းမယ်ဆိုရင် လေယာဉ်က လေထုအတွင်းအရှိန်ပြင်းစွာတိုးဝင်မှုနဲ့အတူ ထွက်ပေါ်လာရတဲ့ ပေါက်ကွဲသံပဲဖြစ်ပါတယ်။



အဲဒီလိုထွက်ပေါ်လာတဲ့ပေါက်ကွဲသံဟာ အင်မတန်မှကျယ်လောင်ပါတယ်။ ဒါကြောင့် လေယာဉ်တွေအနေနဲ့ အသံထက်မြန်တဲ့နှုန်းနဲ့စမ်းသပ်မောင်းနှင်မှုလုပ်မယ်ဆိုရင် အသိပေးကြေညာချက်တွေကိုထုတ်ပြန်ပြီးမှ လုပ်ရတာပါ။ ဒီလိုပြောလိုက်လို့ အသံထက်မြန်လေယာဉ်က လက်တွေ့မှာ အသုံးမပြုနိုင်တော့ဘူးလားလို့ မေးကောင်းမေးနိုင်ပါတယ်။ ဒီအတွက်အဖြေကတော့ သာမန်ခရီးသွားလာမှုတွေမှာလည်း အသံထက်မြန်တဲ့နှုန်းနဲ့ပျံသန်းမယ့်ခရီးသည်တင်လေယာဉ်ကိုအသုံးပြုနိုင်တော့မှာဖြစ်ပါတယ်။

အမေရိကန်နိုင်ငံ ဘော်စတွန်မြို့အခြေစိုက် Spike Aerospace ဆိုတဲ့ကုမ္ပဏီက အသံထက်မြန် လေယာဉ်တစ်စင်းကို ဖန်တီးနေတာဖြစ်ပါတယ်။ လေယာဉ်ကို Spike S–512 Diplomat လို့နာမည်ပေးထားပါတယ်။ အဲဒီလေယာဉ်က မြန်ဆန်မှု၊ တိတ်ဆိတ်မှု၊ စွမ်းအင်ချွေတာမှုတို့ကိုပေးစွမ်းနိုင်မယ်လို့ ကုမ္ပဏီရဲ့ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။ အခုတော့ သူတို့အနေနဲ့ ဒီလေယာဉ်ထုတ်လုပ်မှုအတွက်နောက်ထပ်တစ်ဆင့်ကို တက်လှမ်းသွားပြီလို့ဆိုပါတယ်။

အဲဒီအဆင့်ကတော့ လေယာဉ်ရဲ့ဒီဇိုင်းပိုင်းဆိုင်ရာလေ့လာမှုဖြစ်ပါတယ်။ အခုနောက်ဆုံးအတည်ပြုလိုက်တဲ့ဒီဇိုင်းအရ လေယာဉ်ဟာ လေခွင်းအားပိုကောင်းလာမယ်။ လေယာဉ်ကိုယ်ထည်အတွင်းပိုင်းကလည်း သက်သောင့်သက်သာဖြစ်လာမယ်။ အရေးအကြီးဆုံးအချက်ကတော့ အသံထက်မြန်တဲ့နှုန်းကြောင့် ထွက်ပေါ်လာမယ့်လေထုပေါက်ကွဲသံကိုအကောင်းဆုံးလျှော့ချပေးနိုင်မယ်လို့ဆိုပါတယ်။

Spike S–512 Diplomat ကိုဖန်တီးရတဲ့ရည်ရွယ်ချက်က နယူးယောက်မြို့ကနေပဲရစ်မြို့ကို အချိန်လေးနာရီလောက်နဲ့ ပျံသန်းနိုင်စေဖို့ဖြစ်တဲ့အပြင် ထွက်ပေါ်လာတဲ့ဆူညံသံကိုလည်း လျှော့ချနိုင်စေဖို့အတွက် လုပ်ဆောင်ခြင်းဖြစ်တယ်လို့ Spike Aerospace ကုမ္ပဏီကပြောထားပါတယ်။ အမေရိကန်နိုင်ငံမှာ အသံထက်မြန်လေယာဉ်တွေပျံသန်းမှုကို ၁၉၇၃ ခုနှစ်ကတည်းကပိတ်ပင်ခဲ့တာပါ။ ဒါကြောင့် လေယာဉ်ကုမ္ပဏီတွေက ဆူညံမှုလျှော့ချနိုင်မယ့်လေယာဉ်တွေကို တီထွင်လာတာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

## အစ္စရေးက ဂါဇာကို သိမ်းပိုက်ရေးအတွက် အရန်အင်အားများကို ဆင့်ခေါ်

**ဂျေရုဆလင်၊ စစ်ရေး**

အစ္စရေးအစိုးရက ဂါဇာမြို့ကိုသိမ်းပိုက်ရေးနှင့် ဂါဇာမြို့နေပြည်သူများကို နေရာရွှေ့ပြောင်းပေးရေးတို့အတွက် အစီအစဉ်များချမှတ်ထားပြီးဖြစ်သောကြောင့် အရန်အင်အားများကို စတင်ဆင့်ခေါ်ထားပြီဖြစ်ကြောင်း အစ္စရေးတပ်မတော်မှပြောရေးဆိုခွင့်ရှိသူကပြောသည်။

ဂါဇာမြို့ကိုသိမ်းပိုက်ရန် အဆင့်သုံးဆင့်ဖြင့်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ယခုပထမအဆင့်အတွက် အရန်အင်အား ၆၀၀၀၀ ကိုဆင့်ခေါ်ထားကြောင်း၊ အရန်အင်အားစုစုပေါင်း ၁၁၀၀၀၀ မှ ၁၃၀၀၀၀ ကြားဆင့်ခေါ်အသုံးပြုမည်ဖြစ်ကြောင်းနှင့် နောက်ထပ်စစ်သည်အင်အား ၂၀၀၀၀ ကိုလည်း လာမည့်ရက်ပိုင်းအတွင်း ဆင့်ခေါ်သွားမည်ဖြစ်ကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူကပြောသည်။

ထိုးစစ်ဆင်တိုက်ခိုက်မှု၏နောက်ဆုံးအဆင့်တွင် ဂါဇာမြို့အတွင်း တပ်မ ၁၂ ခုအထိအသုံးပြု၍ စစ်ဆင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဂါဇာမြို့အတွင်းရှိပြည်သူများအနေဖြင့် မြို့၏တောင်ဘက်ရှိသတ်မှတ်ထားသောလမ်းကြောင်းမှနေ၍ထွက်ခွာသွားရမည်ဖြစ်ကြောင်း၊ ၎င်းတို့အတွက် အကူအညီပေးရေးစခန်းများနှင့် ဆေးရုံများကိုဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း အစ္စရေးတပ်မတော်မှပြောရေးဆိုခွင့်ရှိသူကပြောထားသည်။

Ref: Xinhua

## ယူကရိန်းပဋိပက္ခပြေလည်စေရေး အချိန်ယူရမည်ဖြစ်ကြောင်း အမေရိကန်နားလည်ထားဟုဆို



**ဝါရှင်တန်၊ နိုင်ငံရေး**

ယူကရိန်းပဋိပက္ခကို ပြေလည်အောင်ဖြေရှင်းနိုင်ရေးသည် အလွယ်တကူပြီးစီးနိုင်သည့်ကိစ္စမဟုတ်ကြောင်း၊ အချိန်ယူရမည့်ကိစ္စတစ်ခုဖြစ်ကြောင်း အမေရိကန်အစိုးရကနားလည်ထားသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်ကျင့်ဝတ်ရေးရာ အကြံပေးအကြီးအကဲ မိုနီကာခရော်လီကပြောသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့အနေဖြင့် ပြီးခဲ့သည့်သီတင်းပတ်တွင်လုပ်ဆောင်ခဲ့သော တွေ့ဆုံဆွေးနွေးမှုသည် အလွန်ပင်အပြုသဘောဆောင်သည့် ဆွေးနွေးပွဲတစ်ခုဖြစ်ကြောင်း၊ အလားတူ မကြာသေးမီက လုပ်ဆောင်ခဲ့သည့် ထရမ့်နှင့်ယူကရိန်းသမ္မတဇီလန်စကီအပြင် ဥရောပမှခေါင်းဆောင်များအကြားတွေ့ဆုံဆွေးနွေးမှုကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ကြီးမားသည့် အလှည့်အပြောင်းတစ်ခုဖြစ်ကြောင်း မိုနီကာခရော်လီက ဆက်ပြောသည်။

အလားတူ လက်ရှိအခြေအနေ၌ပါဝင်နေသော အဖွဲ့များအားလုံးသည် ငြိမ်းချမ်းရေးရရှိရေးအတွက် စိတ်အားထက်သန်နေသည်ဟု ယူဆထားကြောင်း၊ သို့သော် ယူကရိန်းပဋိပက္ခပြေလည်စေရေးသည် တစ်ညတည်းနှင့်အပြီးသတ်နိုင်သည့် ကိစ္စတစ်ခုမဟုတ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့်အရှေ့အလယ်ပိုင်းဒေသ၌ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်းနှင့် ငြိမ်းချမ်းရေးသည် လုပ်ငန်းစဉ်တစ်ခုသာဖြစ်ကြောင်း မိုနီကာခရော်လီကပြောထားသည်။

ယူကရိန်းပဋိပက္ခပြေလည်ရေးနှင့်ပတ်သက်၍ ထရမ့်၊ ပူတင်၊ ဇီလန်စကီတို့ကြား သုံးပွင့်ဆိုင်အစည်းအဝေးမလုပ်ဆောင်မီ ပူတင်နှင့်ဇီလန်စကီတို့အနေဖြင့် မျက်နှာချင်းဆိုင်ဆွေးနွေးမှုကို ဦးစွာလုပ်ဆောင်သင့်ကြောင်း ထရမ့်က သြဂုတ်လ ၁၉ ရက်တွင် ပြောထားသည်ဟုသိရသည်။

Ref: RT

## ဥရောပဒေသ၌ တောမီးလောင်မှုကြောင့် ပျက်စီးမှုပမာဏက ယမန်နှစ်ကထက် လေးဆမြင့်တက်လာ

**ဘရပ်ဆဲ၊ သဘာဝဘေး**

ဥရောပဒေသ၌ ယခုနှစ်အတွင်းဖြစ်ပွားသော တောမီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏသည် ယမန်နှစ်ကထက် လေးဆပိုမိုများပြားလာကြောင်း ဥရောပကော်မရှင်၏ ပူးတွဲသုတေသနဌာနက ထုတ်ပြန်ထားသည်။

ယခုနှစ်အတွင်းဖြစ်ပွားသည့် တောမီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုနယ်မြေပမာဏသည် ဟက်တာပေါင်း ၈၉၅၀၀၀ နီးပါးရှိကြောင်း၊ ပြီးခဲ့သည့်သီတင်းပတ်အတွင်းဖြစ်ပွားသော တောမီးလောင်မှုကြောင့် ဟက်တာပေါင်း ၄၄၀၀၀၀ နီးပါးပျက်စီးဆုံးရှုံးရကြောင်း၊ ထို့ကြောင့် တောမီးလောင်မှုသည် ပြီးခဲ့သည့်ရက်များတွင် ပိုမိုမြန်ဆန်စွာပျံ့နှံ့လာသည်ကို ထင်ရှားလာစေကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် ယခုနှစ်အတွင်း တောမီးလောင်မှုပမာဏသည်ပြီးခဲ့သည့်၁၉နှစ်တာကာလအတွင်း တောမီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးသည့်နယ်မြေပမာဏတွင် အများဆုံးဖြစ်ကြောင်း၊ ဟက်တာ ၃၀ နှင့် အထက်ဆုံးရှုံးမှုရှိသည့် မီးလောင်မှုကြီးဖြစ်ပွားသောနေရာ ၁၇၃၆ နေရာအထိရှိကြောင်း၊ ပြီးခဲ့သည့်နှစ်တွင်မူ ၁၁၈၅ နေရာသာရှိကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ Ref: Xinhua

## ပါကစ္စတန်နိုင်ငံ၌ မုတ်သုံရာသီအတွင်း သေဆုံးသူ ၇၀၆ ဦးရှိလာ ခိုင်ဘာပတ်တန်ခွာပြည်နယ်က သေဆုံးသူအများဆုံးဖြစ်



**အစ္စလာမ်မာဘတ်၊ သဘာဝဘေး**

ပါကစ္စတန်နိုင်ငံ၌ ယခုနှစ် မုတ်သုံရာသီအတွင်း သေဆုံးသူစုစုပေါင်း ၇၀၆ ဦးအထိရှိလာပြီဖြစ်ကြောင်း အမျိုးသားသဘာဝဘေးစီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့(NDMA) က သြဂုတ်လ ၁၉ ရက်တွင် ထုတ်ပြန်ထားသည်။

ထို့ပြင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း မှာပင်မိုးသည်းထန်စွာရွာသွန်းမှုနှင့်ဆက်စပ်သော သဘာဝဘေးများကြောင့် သေဆုံးသူ ၄၆ ဦးရှိကြောင်း၊ ထို့ပြင် ပြီးခဲ့သည့် ငါးရက်အတွင်း သေဆုံးသူဦးရေမှာ ၃၉၃ ဦးရှိကြောင်း NDMA ၏ထုတ်ပြန်ချက်၌ ဆက်လက်ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ၌ မုတ်သုံရာသီသည် ဇွန်လ ၂၆ ရက်တွင်စတင်ခြင်းဖြစ်ပြီး ယခုအချိန်အထိသေဆုံးသူများအနက် ခိုင်ဘာပတ်တန်ခွာပြည်နယ်က သေဆုံးသူအများဆုံးဖြစ်ကြောင်း၊ သေဆုံးသူစုစုပေါင်း ၄၂၇ ဦးရှိကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကိုတွေ့ရသည်။

ယခုကဲ့သို့ လူသေဆုံးမှုများအနက် နေအိမ်များနှင့်အမိုးများ ပြိုကျပျက်စီးခြင်းကြောင့် သေဆုံးသူအများဆုံးဖြစ်ကြောင်း၊ အခြားသူများမှာ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်း၊ ဓာတ်လိုက်ခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဒေသတွင်းသတင်းဌာနများကထုတ်ပြန်ထားသည်။

အလားတူ ယခုနှစ်မုတ်သုံရာသီ၌ လူသေဆုံးမှုများပြားသည့်အပြင် အခြေခံအဆောက်အအုံများပျက်စီးမှုလည်းများပြားကြောင်း၊ နေအိမ်အလုံးပေါင်း ၃၀၀၀ နီးပါးပျက်စီးပြီး လမ်းအရှည် ၄၅၁ ကီလိုမီတာ၊ တံတားအစင်းရေ ၁၅၂ စင်းတို့မှာလည်း ပျက်စီးမှုများဖြစ်ပွားကြောင်း၊ အဓိကအားဖြင့် ခိုင်ဘာပတ်တန်ခွာပြည်နယ်နှင့်ပါကစ္စတန်ထိန်းချုပ်ထားသော ကက်ရှမီးယားဒေသတို့တွင် ပျက်စီးဆုံးရှုံးမှုက အများဆုံးဖြစ်ကြောင်း၊ လာမည့်ရက်များတွင် မိုးသည်းထန်စွာရွာသွန်းမှုဆက်လက်ဖြစ်ပွားမည်ဟုတာဝန်ရှိသူများက သတိပေးထားကြောင်းသိရသည်။ Ref: Xinhua

## တရုတ်က အိန္ဒိယသို့ ဓာတ်မြေဩဇာနှင့် မြေရှားသတ္တုများ ပြန်လည်တင်ပို့ပေးမည်ဟုဆို

**နယူးဒေလီ၊ သံတမန်ရေး**

တရုတ်နိုင်ငံက အိန္ဒိယနိုင်ငံသို့ ဓာတ်မြေဩဇာများ၊ မြေရှားသတ္တုများ၊ လိုဏ်ခေါင်းတူးဖော်ရေးစက်များကို ပြန်လည်တင်ပို့ပေးမည်ဖြစ်ကြောင်း အိန္ဒိယအစိုးရသတင်းအရင်းအမြစ်များကပြောသည်။

အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆူဘရာမန်ယမ်ဂျေရှန်ကာက နိုင်ငံသို့ချစ်ကြည်ရေးခရီးရောက်ရှိနေသော တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် သြဂုတ်လ ၁၈ ရက်တွင်တွေ့ဆုံ၍ ကမ္ဘာ့ရေးရာအခြေအနေများ၊ ဒေသတွင်းရေးရာအခြေအနေများကိုဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးစဉ် တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှု ပုံမှန်ပြန်ဖြစ်စေရေးဆီသို့ ဦးတည်လျှောက်လှမ်းနေစဉ် တရုတ်နိုင်ငံက အိန္ဒိယနိုင်ငံအား ယခုကဲ့သို့အရေးကြီးသည့် ကုန်ပစ္စည်းများကို ပြန်လည်တင်ပို့ပေးသွားမည်ဟု ဝမ်ယိက အတည်ပြုပြောခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ယူရီးယား၊ နိုက်ထရိုဂျင်၊ ဖော့စဖရပ်နှင့် ပိုတက်စီယမ်အပြင် ဒိုင်ယံမိုနီယမ်ဖော့စဖိတ်နှင့်မြေရှားသတ္တုများကိုသာမက လိုဏ်ခေါင်းတူးဖော်ရေးစက်ပစ္စည်းများ တင်ပို့ပေးရန် အိန္ဒိယပြည်ပရေးရာဝန်ကြီး ဆူဘရာမန်ယမ်ဂျေရှန်ကာက ဇူလိုင်လတွင်သွားရောက်ခဲ့သော ၎င်း၏တရုတ်နိုင်ငံခရီးစဉ်အတွင်း တောင်းဆိုခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် တရုတ်နိုင်ငံက ထုတ်လုပ်သော ဓာတ်မြေဩဇာများအနက် ထက်ဝက်ခန့်သည် အိန္ဒိယနိုင်ငံသို့တင်ပို့ရခြင်းဖြစ်သည်။ သို့သော် တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ပြည်ပသို့ဓာတ်မြေဩဇာများတင်ပို့မှုကို ဆိုင်းငံ့ခဲ့ခြင်းဖြစ်သည်။

ထို့နောက် တရုတ်နိုင်ငံသည် ယခုနှစ် ဇွန်လတွင် ပြည်ပသို့ ဓာတ်မြေဩဇာတင်ပို့မှုဆိုင်းငံ့ထားခြင်းကို ဖြေလျှော့ပေးခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံက တရုတ်နိုင်ငံမှဓာတ်မြေဩဇာတင်သွင်းမှုသည် တန်ချိန် ၁ ဒသမ ၈၇ သန်းအထိရှိကြောင်းသိရသည်။ Ref: Sputnik

# ရွေးကျသော်လည်း အသုံးဝင်ဆဲအခြေခံမှုတစ်ခု

ဒေါက်တာဇေယျာဝင်း

အလဲအထပ်ပြုလုပ်ခြင်း(Trade-off) ဆိုတာ လူ့အဖွဲ့အစည်း၊ နိုင်ငံတစ်နိုင်ငံ၊ စီးပွားရေးတစ်ရပ်တို့မှာအပြင် နေ့စဉ်လူမှုဘဝရဲ့ ဆုံးဖြတ်ချက်တွေမှာအရေးပါတဲ့ သဘောတရားတစ်ခုပါ။ ရှင်းအောင်ဆိုရပါမူ "တစ်ခုရဖို့ တစ်ခုစွန့်လွှတ်ရမှု" လို့ အဓိပ္ပာယ်ဖော်ဆောင်နိုင်တယ်။ ဒီအယူအဆက တစ်ခုခုကိုရယူဖို့ ကြိုးစားတဲ့အခါ အခြားတစ်ခုကို အလဲအထပ်အနေနဲ့ ပေးဆပ်ရခြင်းကို ရည်ညွှန်းခြင်းပါ။ ဒါဟာ ဘဝရဲ့နေ့စဉ်အသက်ရှင်မှု၊ စီးပွားရေး၊ လူမှုဆက်ဆံရေး ဒါမှမဟုတ် ကိုယ်ပိုင်ရွေးချယ်မှုတွေမှာ မကြာခဏကြုံတွေ့ရတတ်တဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်။

Trade-off ရဲ့ အဓိကအချက်ကတော့ အရာအားလုံးကို တစ်ပြိုင်နက် မရယူနိုင်တာပါ။ အရင်းအမြစ်ကန့်သတ်ချက်ရှိတဲ့အခြေအနေမျိုးမှာ Trade-off ဟာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်ဖြစ်တတ်ပါတယ်။ တစ်ခုကို ရွေးချယ်လိုက်တဲ့အခါ အခြားတစ်ခုကို လက်လွှတ်လိုက်ရတာမျိုးဖြစ်တတ်ပါတယ်။ ဒါကြောင့် ဘဝမှာဆုံးဖြတ်ချက်တွေချတဲ့အခါ Trade-off ကို နားလည်ထားဖို့အရေးကြီးပါတယ်။ ဘာကိုရယူမလဲ၊ ဘာကိုစွန့်လွှတ်မလဲဆိုတာကို သေချာချိန်ဆပြီး ကိုယ့်အတွက်ဘယ်အရာက ပိုမိုအရေးကြီးတယ်ဆိုတာကို အသေအချာသိရှိသတ်မှတ်ရပါတယ်။ အဲဒီလို အချိန်မျိုးမှာ သေချာရေရာတဲ့ သတင်းအချက်အလက်များကို ရနိုင်သလောက်ရရှိထားခြင်းဟာ အလွန်ပင်အသုံးဝင်ပါတယ်၊ ဘာလို့လဲဆိုတော့ မပြည့်စုံမမှန်ကန်တဲ့သတင်းအချက်အလက်ပေါ်မှာမူတည်ပြီး ကိုယ်လိုချင်တာကို Trade-off လုပ်မိသွားရင် ဆုံးရှုံးနစ်နာရမှုရှိလာနိုင်လို့ပါ။

**နေ့စဉ်ဘဝနဲ့ Trade-off**

နေ့စဉ်လောကမှာဆုံးဖြတ်ချက်တိုင်း၌ Trade-off တစ်ခုရှိတတ်ပါတယ်။ တစ်ခုကိုရရှိရန် တစ်ခုကိုလျှော့ချရခြင်း သို့မဟုတ် စွန့်လွှတ်ရခြင်းကို မလွဲမသွေကြုံကြရမှာကို သတိထားကြည့်ရင်သိနိုင်ပါတယ်။ တစ်စုံတစ်ရာကိုဆောင်ရွက်ရန် ချိန်ညှိမှုများလိုအပ်သည့်အခါ Trade-off ကို တွေ့ရနိုင်ပါတယ်။ ဥပမာ-အလုပ်ကြိုးစားပြီးပိုက်ဆံရှာရန် အချိန်များအသုံးပြုမည်ဆိုပါက မိသားစုနှင့်အတူ ပိုမိုအတူနေနိုင်မည့်အချိန်တွေ စွန့်ရတော့မှာပါ။ အလားတူကျောင်းသားဘဝမှာ စာမေးပွဲအောင်မြင်စွာဖြေဆိုနိုင်ဖို့ဆိုရင် ဂိမ်းကစားချိန်၊ သူငယ်ချင်းများနှင့်အချိန်ဖြုန်းခြင်းကို လျှော့ချရပါတယ်။ အားကစားသမားတစ်ဦးအတွက် ရွှေတံဆိပ်ဆုရရန် မိမိနှစ်သက်သော အစားအစာများ၊ အနားယူချိန်များကို စည်းကမ်းတင်းကျပ်စွာ ထိန်းညှိရပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးအနေနဲ့ အောင်မြင်သောလုပ်ငန်းတစ်ခုတည်ဆောက်ရန် အိပ်ချိန်၊ မိသားစုနှင့် အချိန်ကုန်ဆုံးမှုများကို ယာယီစွန့်လွှတ်ရပါတယ်။ အိမ်တစ်လုံးဝယ်ဖို့ ပိုက်ဆံစုချင်တယ်ဆိုရင် အပြင်ထွက်စားတာ၊ ခရီးထွက်တာတွေကိုလျှော့ချရမှာပါ။ ဒါတွေဟာ ရေရှည်အကျိုးကျေးဇူးအတွက် အချိန်တိုအကျိုးကို စွန့်လွှတ်ရတာဖြစ်ပါတယ်။ ဒါကြောင့် Trade-off ဆိုတာ ဘဝရဲ့မလွှဲမရှောင်သာ အစိတ်အပိုင်းတစ်ခုဖြစ်ကာ ဒါကို နားလည်ပြီး ပညာနဲ့ယှဉ်အသုံးချနိုင်ရင် ပိုမိုကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေချနိုင်မှာပါ။

**Trade-off နှင့်နိုင်ငံရေး၊ စီးပွားရေး**

နိုင်ငံရေးမှာ Trade-off ဆိုတာ အရေးကြီးတဲ့ အယူအဆတစ်ခုဖြစ်ပြီး ဆုံးဖြတ်ချက်ချတဲ့အခါမှာ မကြာခဏ ကြုံတွေ့ရတတ်ပါတယ်၊ အစိုးရတွေ၊ နိုင်ငံရေးသမားတွေ၊ ပြည်သူတွေဟာ ရွေးချယ်စရာတွေ လုပ်ရတဲ့အခါ မလွှဲမရှောင်သာ ကြုံတွေ့ရတတ်တဲ့အခြေအနေတစ်ခုပါ။ အစိုးရတစ်ရပ်က စီးပွားရေးတိုးတက်ဖို့အတွက် စက်ရုံအသစ်တစ်ခုတည်ဆောက်တယ်ဆိုပါစို့။ ဒီလုပ်ရပ်ကအလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ပြီး စီးပွားရေးအကျိုးအမြတ်တွေရရှိနိုင်ပါတယ်။ ဒါပေမဲ့ ဒီစက်ရုံကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးတာမျိုးဖြစ်လာနိုင်ပါတယ်။ ဒီနေရာမှာ စီးပွားရေးအကျိုးအမြတ်ကိုရယူဖို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို စွန့်လွှတ်ရတာမျိုးဟာလည်း Trade-off တစ်ခုပင်ဖြစ်ပါတယ်။ နိုင်ငံလုံခြုံရေးကို အားကောင်းစေဖို့အတွက် အစိုးရတွေက ပြည်သူတွေရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို စုဆောင်းရတာ၊ စောင့်ကြည့်ရတာမျိုးလုပ်ရပါတယ်။ ဥပမာဆိုရရင် အကြမ်းဖက်မှုတွေ၊ ကာကွယ်ဖို့လိုအပ်တဲ့ လုံခြုံရေးအစီအမံတွေချမှတ်တာမျိုးပါ။ ဒါကလည်း လုံခြုံရေးကိုရယူဖို့အတွက် လွတ်လပ်ခွင့်ကို ယာယီစွန့်လွှတ်ရတဲ့ Trade-off တစ်ခုပါ။

အစိုးရတွေအနေနဲ့ ဘတ်ဂျက်ခွဲဝေရာမှာလည်း Trade-off တွေ လုပ်ရပါတယ်။ ပမာဆောင်ရပါမူ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဘတ်ဂျက်ပိုမိုခွဲဝေမယ်ဆိုရင် အခြားသော အခြေခံအဆောက်အအုံတွေအတွက် ရန်ပုံငွေလျှော့နည်းသွားနိုင်ပါတယ်။ ဒါကြောင့် ဘယ်နေရာကို ဦးစားပေးမလဲဆိုတာကို ဆုံးဖြတ်ရပါတယ်။ ဒါဟာ တစ်ခုကိုရယူဖို့တစ်ခုကိုစွန့်လွှတ်ရတဲ့ Trade-off ပါပဲ။

နိုင်ငံတကာအဆင့်မှာလည်း Trade-off တွေရှိပါတယ်။ ပမာပြုရရင် နိုင်ငံတစ်နိုင်ငံက အခြားနိုင်ငံနဲ့ ကုန်သွယ်ရေးသဘောတူညီချက်ချုပ်ဆိုတဲ့အခါ စီးပွားရေးအကျိုးအမြတ်တွေရရှိနိုင်ပေမယ့် နိုင်ငံရေးအရ အချို့သောကိစ္စရပ်များကို စွန့်လွှတ်ရတာမျိုးဖြစ်နိုင်ပါတယ်။ ဒါသည်ပင် စီးပွားရေးအကျိုးအမြတ်အတွက် တချို့သောအရာတွေကို စွန့်လွှတ်ရတဲ့ Trade-off တစ်ခုပါ။

စီးပွားရေးအနေနဲ့ Trade-off ဟာ မဖြစ်မနေတည်ရှိနေတာဖြစ်ပါတယ်။ ပမာဆိုရလျှင် ကုန်ထုတ်စွမ်းအား (Efficiency) နှင့် သုံးစွဲမှုလွတ်လပ်မှု (Equity) အကြားတစ်ခုကို မြှင့်လိုက်ဖို့ဆိုရင် တစ်ခုကို မဖြစ်မနေလျှော့ပစ်ရနိုင်ပါတယ်။ စီမံခန့်ခွဲမှုအပိုင်းမှာဆိုရင်လည်း စီးပွားရေးလုပ်ငန်းများမှာ အရင်းအမြစ် (Resources) များကို အကောင်းဆုံးအသုံးချရန် Trade-off ကို တွက်ဆတတ်ရပါတယ်။ ဥပမာအနေနဲ့အလုပ်သမားများကို ပိုမိုအလုပ်လုပ်ခိုင်းလိုက်မယ်ဆိုပါက ထုတ်လုပ်မှုတိုးမည်။ သို့သော် ဝန်ထမ်းများရဲ့ စိတ်တိုင်းမကျမှုများ ပေါ်ပေါက်လာမှုကို ရင်ဆိုင်ရမှာပါ။

**Trade-off ၏အကျိုးကျေးဇူးများ**

လူတိုင်းဟာဘဝမှာ အောင်မြင်မှု၊ ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှုတို့ကို ရယူလိုကြပါတယ်။ ထိုအရာများကိုရရှိရန် တစ်စုံတစ်ရာကို စွန့်လွှတ်ရမှာဖြစ်ပါတယ်။ စွန့်လွှတ်မှုမရှိဘဲအောင်မြင်မှုဆိုတာမရှိသလောက်ပင်ရှားပါတယ်။ ကိုယ်တကယ်လိုချင်သောအရာတစ်ခုအတွက် အခြားအရာတစ်ခုကို လက်လွှတ်ကြရမှာဖြစ်ပါတယ်။ ထိုသို့ Trade-off ဆုံးဖြတ်ချက်များကို မှန်မှန်ကန်ကန်ချမှတ်နိုင်ပါက ရည်မှန်းချက်ပန်းတိုင်သို့ ပိုမိုမြန်မြန်ရောက်ရှိစေမှာဖြစ်ပါတယ်။ အာရုံစူးစိုက်မှုနှင့် စွမ်းအားအပြည့်ဖြင့် လုပ်ဆောင်နိုင်လာပါတယ်၊ စိတ်ဓာတ်တွေခိုင်မာလာပြီးတော့ အခက်အခဲနဲ့စွန့်လွှတ်မှုများကို ကျော်လွှားရင်း စိတ်အားထက်သန်မှုတိုးပွားလာမှာလည်းဖြစ်ပါတယ်၊ ဒ့ါအပြင် တန်ဖိုးရှိသောအရာများကို ပိုမိုနားလည်လာပါတယ်။ စွန့်လွှတ်ပြီးမှရတဲ့ အောင်မြင်မှုဟာ ပိုပြီးတော့ အဓိပ္ပာယ်ရှိပါတယ်။ ဒီလို Trade-off ဆိုင်ရာ တွေးခေါ်မှုများဟာ အချိန်ကိုစီမံခန့်ခွဲခြင်းနဲ့ငွေကြေးကိုအသုံးချရာမှာရော ကိုယ်ရေးကိုယ်တာပန်းတိုင်တွေ သတ်မှတ်ရာမှာပါ အသုံးဝင်ပါတယ်။

**စွန့်လွှတ်မှုကို ဘယ်လိုရွေးချယ်ကြမလဲ**

"စွန့်လွှတ်မှုမရှိသော အောင်မြင်မှုသည် အချည်းနှီးသောအောင်မြင်မှုဖြစ်သည်" လို့ဆိုရိုးစကားရှိပါတယ်။ ဘဝမှာကြီးမားသောအောင်မြင်မှုများကို ရယူလိုပါက ကြီးမားသောစွန့်လွှတ်မှုများပြုလုပ်ရမှာကေန်ပါ။ သို့နှင့်တိုင် ထိုစွန့်လွှတ်မှုများသည် အနာဂတ်မှာ အသီးအပွင့်များစွာဖြစ်ထွန်းစေမည်ကို သတိရပါ။ စွန့်လွှတ်ဖို့အတွက်ရွေးချယ်ကြရာမှာ မိမိရဲ့ဦးစားပေးမှုကို သတ်မှတ်ပါ၊ ဘာကအရေးကြီးဆုံးလဲဆိုတာ ရှင်းရှင်းလင်းလင်းဆုံးဖြတ်ပါ။ ရေတိုနှင့် ရေရှည်အကျိုးကျေးဇူးကို ချိန်ဆပါ။ ယခုခဏလေးပျော်ရွှင်မှုထက် အနာဂတ်မှာ ပိုမိုကောင်းမွန်မယ့်အရာကိုသာရွေးချယ်ပါ။ စိတ်တင်းကျပ်မှုကို လျှော့ချပါ။ တစ်ခါတလေ အနားယူခြင်း၊ မိမိကိုယ်ကိုအားပေးချီးမြှောက်ခြင်းများပြုလုပ်ပါ။ အသုံးချမှုထိရောက်မှုကို သေချာသိပါစေ။ မဖြစ်မနေလိုအပ်သောအရာများကိုသာ ရွေးချယ်အသုံးချပါ။ ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ပါ။ ရွေးရခက်သော Trade-off များကို ခွဲခြမ်းစိတ်ဖြာမှု သေချာပြုလုပ်ရန်လိုပါတယ်။ Trade-off သည် အမြဲရှိနေပြီး စဉ်ဆက်မပြတ် ရှုမြင်စဉ်းစားရန်လိုပါတယ်။ တစ်ခါတစ်ရံ Trade-off တစ်ခုသည် ခေတ်အလိုက်ပြောင်းလဲနိုင်တာကြောင့် မဖြေရှင်းနိုင်တဲ့အရာမဟုတ်ပါ။ ဆင်ခြင်၍ ဆုံးဖြတ်မှုများကို ပြုလုပ်ပါ။ ဘာကိုရယူမလဲ၊ ဘာကိုစွန့်လွှတ်မလဲဆိုတာကို သေချာစဉ်းစားရပါတယ်။ ဒီလို Trade-off တွေကို နားလည်ပြီး ပညာနဲ့ယှဉ်ချိန်ဆနိုင်ဖို့လိုအပ်ပါတယ်။

အချုပ်အားဖြင့်ဆိုရပါမူ သစ်ပင်ကြီးဖြစ်လာဖို့ သစ်စေ့ငယ်လေးက မြေကြီးကို ဖောက်ထွက်ရသလို လူသားတစ်ဦးဟာလည်း အောင်မြင်ဖို့အတွက် စွန့်လွှတ်မှုဆိုတဲ့ မြေကြီးကို မဖြစ်မနေကျော်ဖြတ်ရမှာဖြစ်ပါတယ်။ အဲ့လိုစွန့်လွှတ်မှုတွေလုပ်ပြီးတော့ ရွေးချယ်ရတဲ့အခါ ဆုံးဖြတ်ချက်တွေဟာ မိမိတို့ရဲ့အကျိုးစီးပွားကို အမြင့်ဆုံးဖြစ်အောင်ဆောင်ရွက်နိုင်ဖို့ဦးတည်ရမှာဖြစ်ပါကြောင်း ဟောင်းပေမယ့်လည်း အသုံးတည့်နေဆဲအခြေခံမှုတစ်ခုဖြစ်တဲ့ Trade-off အကြောင်းရေးသားလိုက်ရပါတယ်။ ။

**လူတိုင်းဟာဘဝမှာ အောင်မြင်မှု၊ ပျော်ရွှင်မှု၊ ငြိမ်းချမ်းမှုတို့ကို ရယူလိုကြပါတယ်။ ထိုအရာများကိုရရှိရန် တစ်စုံတစ်ရာကို စွန့်လွှတ်ရမှာဖြစ်ပါတယ်။ စွန့်လွှတ်မှုမရှိဘဲအောင်မြင်မှုဆိုတာ မရှိသလောက်ပင်ရှားပါတယ်။ ကိုယ်တကယ်လိုချင်သောအရာတစ်ခုအတွက် အခြားအရာတစ်ခုကို လက်လွှတ်ကြရမှာဖြစ်ပါတယ်။ ထိုသို့** Trade-off **ဆုံးဖြတ်ချက်များကို မှန်မှန်ကန်ကန် ချမှတ်နိုင်ပါက ရည်မှန်းချက်ပန်းတိုင်သို့ ပိုမိုမြန်မြန်ရောက်ရှိစေမှာဖြစ်ပါတယ်။**

## ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကျင်းပ



ပဲခူး ဩဂုတ် ၂၀

ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ဩဂုတ်လ ၂၀ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သရက်ကုန်းကျေးရွာမှ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများက ဒုံးအကဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်တို့က ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားအား ဖားစည်ကိုးချက်တီး၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားသည် ကရင်တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာအရ ဝါခေါင်လရောက်သည့်အခါ မိသားစုများစည်းစည်းလုံးလုံးပြန်လည်တွေ့ဆုံနိုင်ရေး၊ ချစ်ကြည်သွေးစည်းမှုခိုင်မာစေရေး၊ လူကြီးလူငယ်ကြားနွေးထွေးမှုဖြင့် စုစည်းညီညွတ်မှုဖြစ်စေရေးအတွက် ကျင်းပသည့် ချစ်ကြည်ရင်းနှီးမှုများကို ဖြစ်ပေါ်စေသည့် ပွဲတော်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်တိုင်းရင်းသားဘာသာသင်ကြားရေး ဆရာမတစ်ဦးက ကရင်ရိုးရာချည်ဖြူဖွဲ့ခြင်းဖြစ်ပေါ်လာပုံအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ကရင်ရိုးရာယဉ်ကျေးမှုအဖွဲ့များက ဒုံးယိမ်းအကများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ချည်ဖြူဖွဲ့ပေးမည့် ကရင်တိုင်းရင်းသား အဘိုး၊ အဘွားများနှင့် ဖျော်ဖြေရေးအဖွဲ့များအား ပံ့ပိုးငွေများ ပေးအပ်ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

## မူမှန်သော်လည်း အလုပ်မှားနိုင်ခြင်း

ကားလ်မာ့က်စ်၏ စီးပွားရေးစနစ်ကို သဘောကျခါစအချိန်များ၌ ကျွန်ုပ်သည် ယင်းစနစ်အရ လိုက်နာဆောင်ရွက်လျက်ရှိကြသည့် လီနင်၊ စတာလင်၊ ခရုရှော့၊ မော်စီတုံး၊ ချူအင်လိုင်း စသောခေါင်းဆောင်ကြီးများအပေါ်တွင် တခြားသောလက်ဝဲသမားများ အထင်ကြီးသကဲ့သို့ပင် ကျွန်ုပ်လည်း အထင်ကြီးခဲ့၏။ တိုင်းပြည်ရေးရာနှင့်ပတ်သက်၍ ထိုပုဂ္ဂိုလ်ကြီးများ ပြောဆိုပြုလုပ်သမျှသည် မှန်ကန်သည်ချည်းဖြစ်သည်ဟု သူတို့နည်းတူ ကျွန်ုပ်လည်း ယုံကြည်ခဲ့၏။ သို့ရာတွင် ကျွန်ုပ် ကျမ်းတစ်စောင်တစ်ဖွဲ့ပြုခဲ့သည့် ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်အရ အားထုတ်၍ အထိုက်အလျောက် သဘောပေါက်လာသောအချိန်၌မူကား ကျွန်ုပ်၌ အမြင်တစ်မျိုးပြောင်းလဲလာခဲ့သည်။ ကားလ်မာ့က်စ်၏ တိုင်းပြည်စီးပွားရေးစနစ်သည် အရင်းရှင်စနစ်ထက် တိုင်းပြည်လူများစုအတွက် အကျိုးများသည်ဆိုခြင်းကိုမူ အကြွင်းမဲ့လက်ခံယုံကြည်လျက်ပင်ရှိသည်။ ၎င်းပုဂ္ဂိုလ်ကြီး၏စနစ်အရ လီနင်က လုပ်ပုံလုပ်နည်းများ ညွှန်ကြားပြသခြင်းများလည်း မှန်ကန်သည်ဟူ၍ပင် ကျွန်ုပ် လက်ခံယုံကြည်နိုင်ပါသည်။ သို့ရာတွင် ၎င်း၏ညွှန်ကြားချက်အရ လိုက်နာဆောင်ရွက်ကြသည့် စတာလင်၊ ခရုရှော့၊ မော်စီတုံး၊ ချူအင်လိုင်း စသောခေါင်းဆောင်ကြီးများနှင့်ပတ်သက်၍မူကား (လူနှင့်လူချင်းဆက်ဆံမှုများလည်း ပါရှိသည်ဖြစ်သောကြောင့်) အားလုံးမှန်သည်ဟု လက်မခံချင်တော့ဘဲ အမှားများလည်း ပါချင်ပါနိုင်သည်ဟူ၍ ယူဆလာခဲ့လေပြီ။

## မှားခြင်း၏အကြောင်းရင်း

ရှင်းဦးအံ့။ ဤအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏ ရှေးဦးစွာ မျက်စိဖွင့်ပေးသကဲ့သို့ရှိသောအခြင်းအရာသည်ကား စတာလင်၊ ခရုရှော့ကိစ္စပင်ဖြစ်၏။ စတာလင်လက်ထက်၌ လက်ဝဲဝါဒသမားအားလုံးလိုပင် စတာလင်အား 'ဘုရားတစ်ဆူ၊ ဂူတစ်လုံး' အနေဖြင့် ယုံကြည်လက်ခံလာခဲ့ကြရာ ခရုရှော့ပေါ်လာသောအခါ၌ စတာလင်၏အမှားများဟူ၍ ထောက်ပြလျက်ရှိလေပြီ။ ဤတွင် စတာလင်ကို ယုံကြည်သူနှင့် ခရုရှော့ကို ယုံကြည်သူဟူ၍ နှစ်ဂိုဏ်းပေါ်ထွက်လာလေရာ ကျွန်ုပ် စဉ်းစားမိသည်ကား မည်သူကမှန်၍ မည်သူက မှားသည်ဖြစ်စေ (အနည်းဆုံး) တစ်ယောက်ယောက်တော့ မှားလေပြီ။ သို့ဆိုလျှင် သူတို့လုပ်ဟန်များသည် မမှားနိုင်သော လုပ်ဟန်မဟုတ်။ ပုဂ္ဂိုလ်တစ်ဦး၏ အတွေးအခေါ်အယူအဆပေါ်၌တည်လျက်ရှိသည်ဟု ကျွန်ုပ်မြင်လာသည်။ ဆိုလိုခြင်းမှာ ကားလ်မာ့က်စ်နှင့် လီနင်တို့ မှန်သည်ထားဦး။ လက်တွေ့လိုက်နာဆောင်ရွက်ကြသော ခေါင်းဆောင်များကား မှားချင်မှားနိုင်သည်ဟုဆိုလိုသည်။ လက်ဝဲသမားများကမူ စတာလင်က မှန်သည်၊ ခရုရှော့က မှန်သည် စသည်ဖြင့် ငြင်းခုံကြတုန်းပင်ရှိရာ ကျွန်ုပ်အဖို့ရာ၌မူကား မည်သူကမှန်သည်ဟု (လက်တွေ့နိုင်ငံရေးသမားတစ်ယောက်မဟုတ်သောကြောင့်) ဆုံးဖြတ်ဖို့ မကြိုးစားဘဲ လက်ဝဲခေါင်းဆောင်များလည်း မှားချင်မှားနိုင်သည်ဟူသော ကောက်နုတ်ချက်ပေါ်ထွက်လာလေတော့သည်။ ၎င်းတို့သည် အဘယ်ကြောင့် မှားကြရသနည်းဟု ထပ်လောင်း၍ စစ်ဆေးပြန်ရာတွင် စတာလင်သည်လည်းကောင်း၊ ခရုရှော့သည်လည်းကောင်း နိုင်ငံရေးတွင် ဉာဏ်ကြီးသူများဖြစ်ကြ၍ ညံ့ဖျင်းသောကြောင့် မှားခြင်းမဟုတ်တန်ရာ။ လောဘ၊ ဒေါသ၊ မာနတို့ကြောင့် မှားခြင်းဖြစ်ရမည်ဟု (ဗုဒ္ဓဝါဒရှုထောင့်မှ) အဖြေထွက်လာသည်။ ဟုတ်လည်း ဟုတ်ရမည်။ လောဘ၊ ဒေါသ၊ မာနတည်းဟူသောအခြင်းအရာများသည် အမှားဘက်သို့ တွန်းပို့လေ့ရှိသည်ဟု ဗုဒ္ဓဟောတော်မူရာ ထိုလူများသည် လောဘ၊ ဒေါသနှင့်မာနတို့တွင် တစ်ရွေးသားမျှ မပယ်စွန့်ရသေးသည့်အပြင် သူသူငါငါတို့ထက်ပင် ကြီးထွားလျက်ရှိကြလေသည်။ လက်ဝဲခေါင်းဆောင်များသည် တခြားလူများထက် လောဘ၊ ဒေါသ၊ မာန လျော့ပါးပါသည်ဟု အဘယ်မည်သော လက်ဝဲသမားသည် ခုခံကာကွယ်ငြင်းဆိုရဲပါသနည်း။

## သံသယရှိစကောင်းသည်

ဤသော့ချက်ကို ကျွန်ုပ်တွေ့ရှိရသောအချိန်မှစ၍ ကျွန်ုပ်သည် (ယခင်က အထင်ကြီးခဲ့မိသော) ခရုရှော့၏အပြောအဆိုနှင့် အပြုအမူများကို စောင့်ကြည့်လာခဲ့ရာ ခရုရှော့၏အမှားများကို တစ်ကြိမ်၊ နှစ်ကြိမ်မြင်မိ၏။ ယင်းအမှားများသည်လည်း ဒေါသနှင့် မာနတို့ကြောင့်ဖြစ်သည်ဟု ကျွန်ုပ် ရှင်းရှင်းကြီးမြင်လာ၏။ ကျွန်ုပ်သည် ဤအကြောင်းကို ရင်းနှီးသော လက်ဝဲသမားများနှင့် ဆွေးနွေးကြည့်ရုံမက အမှားများကို တစ်ခုစီထောက်၍ ပြ၏။ ထိုသူက မည်သို့ပြန်ပြောသည် ထင်ကြသနည်း။ "ခရုရှော့သည် နိုင်ငံရေး၌ အလွန်ဉာဏ်ကြီးသူတစ်ယောက်ဖြစ်သောကြောင့် သူ့ဉာဏ်ကို ကျွန်တော်တို့ မမီနိုင်ပါ၊ သူက မှန်သည်ဟု ယူဆပြီးဖြစ်သောအခြင်းအရာတစ်ခုကို ကျွန်တော်တို့က ဉာဏ်မမီသည့်အတွက်ကြောင့် မှားသည်ဟု မြင်မိခြင်း ဖြစ်ပါလိမ့်မည်" ဟု ပြောရှာလေသည်။ ဤနေရာ၌ သူ၏ယုံကြည်ပုံနှင့် ကျွန်ုပ်၏ယုံကြည်ပုံကို နှိုင်းယှဉ်ချက်ထုတ်ပြလိုက်ရပါဦးမည်။ ကျွန်ုပ်သည် ဂေါတမဗုဒ္ဓ၏ ဝိနည်း၊ ပညတ်တော်တချို့နှင့်ပတ်သက်၍ စိတ်ထဲ၌ မရှင်းလင်းသောအချက်များ၊ မကျေနပ်နိုင်သောအချက်များ တွေ့ရှိထားပါသည်။ သို့ရာတွင် ဤသည်တို့မှာ လူသားများ၏ ကိစ္စမဟုတ်။ ရဟန်းများ၏ ကိစ္စမျှသာဖြစ်သည့်အတွက်ကြောင့် မိမိဉာဏ်မမီခြင်းသာ ဖြစ်ရမည်။ ဗုဒ္ဓမူကား ဧကန်မုချ မှန်ကန်ရမည်ဟုဆုံးဖြတ်ကာ ပြည်ဖုံးကားချလေ့ရှိပါသည်။ လက်ဝဲသမားများသည်လည်း (ဗုဒ္ဓကို ကျွန်ုပ်ယုံကြည်သည့်နည်းတူ) သူတို့၏ စတာလင်၊ ခရုရှော့တို့ကို ယုံကြည်ကြဟန်တူလေသည်။ ကျွန်ုပ်အဖို့မူကား ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်အရ အားထုတ်သောအချိန်မှစ၍ သဘာဝဝတ္ထုနှင့်ပတ်သက်သောကိစ္စများတွင် (ဂေါတမဗုဒ္ဓကိုချန်လှပ်၍) မည်သည့်အဋ္ဌကထာ၊ ဋီကာ၊ ဒီပနီကျမ်းပြုဆရာ (ရှေးရောခေတ်ပါ)များကိုမှ မျက်စိမှိတ်ပြီး လက်ခံလိမ့်မည်မဟုတ်။ ထိုပုဂ္ဂိုလ်များ၏ အယူအဆနှင့်ပတ်သက်၍ သံသယရှိခဲ့လျှင် ရဲရဲဝံ့ဝံ့ပင် သံသယရှိလိမ့်မည်ဖြစ်၏။ ဤသို့ဆိုခြင်းအားဖြင့် သူတို့အားလုံး မှားသည်၊ မိမိသာမှန်သည်ဟု ပြောလိုခြင်းမဟုတ်။ ဗုဒ္ဓမှတစ်ပါး မည်သည့်ပုဂ္ဂိုလ်က ဟောပြောသည်ဖြစ်စေ မယုံကြည်ပါက သံသယရှိစကောင်းသည်။ နာမည်ကြီးသောကြောင့် သူတို့မှန်ရမည်ဟု မျက်စိမှိတ်ပြီး မလိုက်နာနိုင်သည့်အဖြစ်ကို ဖော်ပြခြင်းမျှသာဖြစ်ပါသည်။ ကျွန်ုပ်အံ့သြမိခြင်းတစ်ချက်မှာ လက်ဝဲသမားမှန်လျှင် စိစစ်ဝေဖန်ခြင်းအလုပ်တွင် အလွန်ဝါသနာပါသူများဖြစ်ကြပါလျက် တချို့သည် လူနှင့်လူချင်းဖြစ်သော ခရုရှော့၊ မော်စီတုံး၊ စတာလင်တို့ကျမှ မော့၍မကြည့်ဝံ့လောက်အောင် သတ္တိနည်းကြရခြင်းပင် ဖြစ်လေသည်။ ဤသို့ရေးလိုက်ခြင်းအားဖြင့် မိမိကိုယ်ကို သတ္တိကောင်းလှသည်ဟု ကြွားဝါလိုခြင်းမဟုတ်။ ဂေါတမဗုဒ္ဓညွှန်ပြတော်မူခဲ့သည့် သော့ချက်၏တန်ဖိုးရှိခြင်းကို တင်ပြလိုခြင်းမျှသာ ဖြစ်ပါသည်။



## သူ့ရောဂါနှင့်သူ့ဆေး

ကျွန်ုပ်သည် ကားလ်မာ့က်စ်၏ ငွေရင်းဟူသော စာအုပ်ကြီးကို ဖတ်ရှုလေ့လာရခြင်းကြောင့် ရရှိခဲ့သောအကျိုးကျေးဇူးနှင့် ဂေါတမဗုဒ္ဓ၏ ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်အရ အားထုတ်ခဲ့ခြင်းကြောင့် စိတ်သဘာဝအကြောင်းကို သိမြင်လာခဲ့ခြင်းတို့၏အကျိုးကျေးဇူးတို့ကို နှိုင်းယှဉ်ဖော်ပြလိုပါသေးသည်။ တိုင်းပြည်တစ်ပြည်၌ လူအများစု ဆင်းရဲခြင်းကိုတွေ့ရသည့်အခါ မည်သို့သောအကြောင်းကြောင့်ဖြစ်သည်ဟု လက်ဖြင့်ထောက်၍ ပြနိုင်ခြင်းမှာ ကားလ်မာ့က်စ်၏ ကျေးဇူးကြောင့်ဖြစ်သည့်နည်းတူ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၌ စိတ်၏ဆင်းရဲမှုဖြစ်နေခြင်းကို တွေ့ရသည့်အခါ မည်သို့သောအကြောင်းကြောင့်ဖြစ်သည်ဟု ထောက်၍ပြနိုင်ခြင်းသည်လည်း ဂေါတမဗုဒ္ဓ၏ ဒိဋ္ဌေဒိဋ္ဌမတ္တံကျင့်စဉ်၏ကျေးဇူးကြောင့်ဖြစ်ပါသည်။ သို့ရာတွင် လူများစု ကျပ်တည်းဆင်းရဲခြင်း၏ အကြောင်းရင်းကိုလည်းကောင်း၊ လူတစ်ဦးတစ်ယောက် စိတ်ဆင်းရဲခြင်း၏အကြောင်းရင်းကိုလည်းကောင်း ထောက်၍ပြနိုင်သည်ဆိုစေကာမူ ပြလိုက်ရုံမျှဖြင့် လွတ်မြောက်သွားသည်ဟု မဆိုလိုပါ။ လူများစု ဆင်းရဲမှုကိစ္စ၌ လူအများ ဝိုင်းပြီးကြိုးစားဖို့လိုသကဲ့သို့ လူတစ်ယောက်ဆင်းရဲမှုမှလွတ်မြောက်ရန်မှာလည်း ထိုလူ၏ကြိုးစားအားထုတ်မှုအပေါ်တွင်တည်လျက်ရှိပါသည်။ ထို့ကြောင့် ရုပ်တရားနှင့်ပတ်သက်သည့် ချမ်းသာမှုတွင် မာ့က်ဆီးဇမ်းသည် ဆေးကောင်းကြီးတစ်လက်ဖြစ်သည်ဟု နားလည်သည့်နည်းတူ စိတ်ချမ်းသာမှုနှင့်ပတ်သက်၍မူ ဗုဒ္ဓဝါဒ (ဝိပဿနာအလုပ်ကို ဆိုလိုသည်။) သည် အကောင်းဆုံးသောဆေးကြီးဖြစ်သည်ဟု နားလည်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# ကျိုက်ထိုမြို့နယ် အခြေခံပညာမူလတန်းကျောင်း(ဖက္ကလိပ်)၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

ကျိုက်ထို ဩဂုတ် ၂၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတတိုးပွားစေရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၁၉ ရက်က ကျိုက်ထိုမြို့နယ် အခြေခံပညာမူလတန်းကျောင်း (ဖက္ကလိပ်)၌ စာဖတ်ရှိန်မြှင့်တင်ရေးနယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးကြည်မင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကို အကျိုးရှိစွာအသုံးချရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုလည်း လေ့လာဖတ်ရှုကြရေး ပြောကြားကာ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးခြင်းများ ဆောင်ရွက်သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည် ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာကြကြောင်း သိရသည်။ **ချမ်းမြေ့**

# အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဒုတိယဆုရ မြန်မာအမျိုးသမီးအသင်း အကောင်းဆုံးဂိုးသမားဆုနှင့် သွင်းဂိုးအများဆုံးဆုများ ဆွတ်ခူးရရှိ

ရန်ကုန် ဩဂုတ် ၂၀

ဗီယက်နမ်နိုင်ငံ၌ ဩဂုတ်လ ၆ ရက်မှ ၁၉ ရက်အထိ ကျင်းပပြီးစီးခဲ့သည့် ၂၀၂၅ ခုနှစ် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အကောင်းဆုံးဂိုးသမားဆုနှင့် သွင်းဂိုးအများဆုံးဆုဆွတ်ခူးရရှိခဲ့သည်။




အကောင်းဆုံးဂိုးသမားဆုရ မျိုးမြမြငြိမ်း ဆုလက်ခံရယူစဉ်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ပြိုင်ပွဲအပြီးတွင် သွင်းဂိုးအများဆုံးဆုနှင့် အကောင်းဆုံးဂိုးသမားဆုတို့ရရှိခဲ့ခြင်းဖြစ်ပြီး တိုက်စစ်မှူးဝင်းသိင်္ဂီထွန်းက သွင်းဂိုး ခုနစ်ဂိုးဖြင့် သွင်းဂိုးအများဆုံးရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ဂိုးသမား မျိုးမြမြငြိမ်းသည် ပွဲအားလုံးတွင်ပြိုင်ဘက်အသင်းသွင်းယူသည့် ဂိုးသွင်းခွင့်များကို လက်စွမ်းပြကာကွယ်နိုင်ခဲ့သဖြင့် အကောင်းဆုံးဂိုးသမားဆုရရှိခဲ့ခြင်းဖြစ်သည်။ ဝင်းသိင်္ဂီထွန်းသည် ဖိုလ်လုပွဲမှလွဲ၍ အုပ်စုသုံးပွဲနှင့် ဆီမီးဖိုင်နယ်တို့တွင် ဂိုးသွင်းယူနိုင်ခဲ့ပြီး တီမောအသင်းနှင့် အုပ်စုပွဲတွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။ ထို့ပြင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုကိုလည်း သုံးပွဲဆက်တိုက်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယခုနှစ် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတွင် ၁၀ နှစ်ကြာဝေးကွာနေသည့် ဖိုလ်လုပွဲသို့ တစ်ကျော့ပြန်တက်ရောက်နိုင်ခဲ့သော်လည်း ဩစတြေးလျအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ကာ ချန်ပီယံဆုနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်

ဒုတိယပတ် - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်




# နောင်ချိုမြို့မှ ထပ်ဆင့်ထုတ်လွှင့်သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များ ပြန်လည်ထုတ်လွှင့်နိုင်ပြီဖြစ်


နေပြည်တော် ဩဂုတ် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့တွင် အကြမ်းဖက်သောင်းကျန်းသူများ၏လုပ်ရပ်များကြောင့် နောင်ချိုမြို့မှ DVB T2 စနစ်ဖြင့် ထပ်ဆင့်ထုတ်လွှင့်ပေးသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)အစီအစဉ်များမှာ ၂၀၂၄ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှစတင်ပြီး ယာယီရပ်နားထားခဲ့ရာမှ ယနေ့ ဩဂုတ်လ ၂၀ ရက် နံနက်ပိုင်းမှစ၍ပြန်လည်ထုတ်လွှင့်နိုင်ပြီဖြစ်သည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နောင်ချိုထပ်ဆင့်လွှင့်စက်ရုံမှ DVB T2 စနစ်ဖြင့် ပြန်လည်ထုတ်လွှင့်နိုင်ရန်အတွက် နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စက်မှုဌာနခွဲမှ ကျွမ်းကျင်အင်ဂျင်နီယာအဖွဲ့သည် ဩဂုတ်လ ၁၇ ရက် ညနေပိုင်းမှစ၍ထိခိုက်ပျက်စီးခဲ့သည့် ထုတ်လွှင့်ရေးတာဝါတိုင်၊ ထုတ်လွှင့်ရေးအင်တီနာနှင့် High Frequency Feeder Cable တို့အား နေ့ညကြိုးပမ်းပြုပြင်ခြင်း၊ ပျောက်ဆုံးခဲ့သည့်လွှင့်စက်နှင့် ဆက်စပ်ပစ္စည်းများအား အစားထိုးတပ်ဆင်ခြင်းများဖြင့် ဦးစားပေးစီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယိုနှင့် FM အစီအစဉ်များ ပြန်လည်ထုတ်လွှင့်နိုင်ရေးအတွက်လည်း ဆက်လက်ပြုပြင်လျက်ရှိပြီး စက်ရုံအဆောက်အအုံနှင့် အုတ်တံတိုင်းပျက်စီးမှုများကိုလည်း ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှထုတ်လွှင့်သောအစီအစဉ်များကို DTH စနစ်ဖြင့်လည်း နိုင်ငံတစ်ဝန်းသို့ တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၈ ပေခန့်ရှိနိုင်သည်။ (မိုး/ဇလ)

## ၂၀-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

**ဖခင်အမည်မှန်**
